မြေကြားမှုန်

The Mirror

၁၃၇၀ပြည့်နှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ သောကြာနေ့၊ **(11-7-2008)** (၅၇၃၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မွန်ဂိုလီးယားနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၁

၂၀၀၈ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ နန်ဘာအမ့်ဘာယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)စက်မှုဇုန်ရှိ စက်ရုံများကြည့်ရှုစစ်ဆေး သွင်းကုန်အစားထိုးရေးသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးမှာကြား

ရန်ကုန် ဇူလိုင် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အတွင်းရှိ စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်အစားထိုးစက်မှုပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်သည်အထိ ကြိုးပမ်းရည်မှန်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) စက်မှုဇုန်ရှိ 'စိုး'လျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်၏ ထရန်စဖော်မာ ထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိပြီး စက်ရုံအတွင်း ထရန်စဖော်မာ ထုတ်လုပ်နေမှု အဆင့်ဆင့်၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကစက်ရုံများမှ အာမခံသက်တမ်းလွန်သော ထရန်စဖော်မာများကို နိုင်ငံခြားငွေ ယိုဖိတ်မှုသက်သာစွာ ပြည်တွင်း၌ သက်သာသောနှုန်းထားဖြင့် ပြုပြင်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးစိုးတင့်က ကုန်ကြမ်းမှကုန်ချောအထိ ထရန်စဖော်မာထုတ်လုပ်မှု အဆင့်ဆင့်၊ ကုမ္ပဏီမှထုတ်လုပ်သော 50 KVA မှ 30000 KVA ထိ ထရန်စဖော်မာများကို **စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁) စက်မှုဇုန်ရှိ 'စိုး'လျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်၏ ထရန်စဖော်မာ ထုတ်လုပ်ရေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သဘာဝဘေးဒဏ်၊ တာဝန်မဲ့မီဒီယာနှင့် နိုင်ငံတကာ တောကြောင်များ

'သဘာဝဘေးဒဏ် ခံစားရတဲ့သတင်းတွေကို ရေးသားထုတ်လွှင့်ကြတဲ့နေရာမှာလည်း သတင်းသမားတွေမှာ လူမှုတာဝန်တွေရှိနေတယ်ဆိုတာ သတိပြုရမှာဖြစ်ပါတယ်။ အစိုးရတစ်ခု၊ နိုင်ငံတစ်ခုကို အထင်သေး၊ အမြင်သေးနဲ့ အပြစ်တင်ရှုတ်ချချင်လို့ အနိဋ္ဌာရုံတွေကို မရမက ရှာကြံဖော်ထုတ်ပြီး ရိုက်တယ်၊ ရေးတယ်ဆိုရင် အမှန်တရားနဲ့ ဝေးသွားမှာဖြစ်ပြီး အမှန်တကယ် ကူညီထောက်ပံ့ချင်တဲ့ အလှူရှင်တွေရဲ့ သဒ္ဓါစိတ်ကို ထိခိုက်လျော့ပါးသွားစေမယ်ဆိုရင် သဘာဝဘေးဒဏ်သင့် ပြည်သူတွေရဲ့ အကျိုးကို ထိခိုက်စေမှာဖြစ်ပါတယ်။ မဟုတ်တာတွေကို အဟုတ်လုပ်ပြီး လုပ်ကြံသတင်းတွေပါ ဖန်တီးထုတ်လွှင့်လာတယ်ဆိုရင်တော့ ဒါဟာ လူမဆန်တဲ့ တာဝန်မဲ့သတင်းသမားတွေပဲလို့ ဆိုသင့်ပါတယ်'

လှိုင်အောင်၏ "သဘာဝဘေးဒဏ်၊ တာဝန်မဲ့မီဒီယာနှင့် နိုင်ငံတကာ တောကြောင်များ" **(ဆောင်းပါး)** **စာမျက်နှာ-၈၊ ၉**

ကြေးမုံ The Mirror

၁၁-၇-၂၀၀၈
(သောကြာနေ့)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း အရည်အသွေးမီကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

ခေတ်မီနိုင်ငံတစ်နိုင်ငံ ဖြစ်ပေါ်လာရေး အကောင်အထည်ဖော်တည်ဆောက်ရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည်။ ထို့ကြောင့် နိုင်ငံ့စီးပွား တောင့်တင်းခိုင်မာစေရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ရေးကိုပါ ဖော်ဆောင်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက စက်မှုဇုန်များ၊ စက်မှုနယ်မြေများ ထူထောင်ရေး အားပေးမှုများနှင့်အတူ နိုင်ငံတစ်ဝန်း၌ ခေတ်မီစက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံသစ်များစွာကို ဖော်ဆောင်ပေးလျက်ရှိသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးလာမှုနှင့်အတူ နည်းပညာနှင့် ထုတ်လုပ်မှုမြင့်မားသည့် စက်ရုံ၊ အလုပ်ရုံများ စက်မှုနယ်မြေအလိုက် ထူထောင်လျက်ရှိရာ ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ ရရှိလာပြီး ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားနေပြီဖြစ်သည်။

ရန်ကုန်တိုင်းအတွင်း စက်မှုဇုန်များ၌ စက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက် လည်ပတ်လျက်ရှိရာ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ရွှေပြည်သာစက်မှုဇုန်၌ စက်ရုံများစွာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိရာ မီးသီး၊ မီးချောင်းများ ထုတ်လုပ်သည့် စက်ရုံကို ၂၀၀၀ ပြည့်နှစ်ကစတင်၍ ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ဆောင်လာခဲ့သည်။ ယခုအခါ တစ်နှစ်လျှင် မီးချောင်း ၁၁ သန်းကျော် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေပြည်သာမြို့နယ် သစ်အခြေခံစက်မှုဇုန်၌ သစ်အချောထည်နှင့် ပရိဘောဂလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ကုမ္ပဏီအချို့က လေဘေးသင့်ဒေသရှိ ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် လိုအပ်ချက်များကို စီစဉ်ထုတ်လုပ်ပေးလျက်ရှိသည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၌ ခေတ်မီစက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက်၍ ယာဉ်နှင့်စက်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့်စားသောက်ကုန်များ ထုတ်လုပ်နေခြင်းသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးလာမှုကို ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။ စက်မှုလုပ်ငန်းရှင်များအနေဖြင့် တိုးတက်ပြောင်းလဲနေသော နည်းပညာရပ်များနှင့်အညီ တီထွင်ကြံဆ၍ အရည်အသွေးကောင်းပစ္စည်းများ၊ ဈေးနှုန်းသက်သာသောပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးကြခြင်းဖြင့် ဈေးကွက်နှင့်ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ ။

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကံပြားကြီးကျေးရွာ ကျောင်းသစ်ကျောင်း၌ ကျောင်းဆောင်သစ် တည်ဆောက်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် မေဓာဝီလမ်းနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း၊ သမီး မမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုးရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)က အလှူငွေ ကျပ်သိန်း ၂၀ကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တအာစရထံ ဆက်ကပ်လှူဒါန်းစဉ်။ (၆၇)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇူလိုင် ၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားခန်းမ၌ကျင်းပသော ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီး အောင်ချက်အများဆုံးရရှိခဲ့သော ကျောင်းသုံးကျောင်းမှ ကျောင်းအုပ်ဆရာကြီးများနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထူးချွန်စွာအောင်မြင်

နေပြည်တော်ပျဉ်းမနားခရိုင်အတွင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွင်း ခြောက်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၅ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၉ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၃၂ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၄၂ ဦး ထူးချွန်စွာအောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသော ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့်အဖွဲ့ဝင်များတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabeနှင့် အဖွဲ့ဝင်များသည် ဇူလိုင်၉ရက်မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yasuaki NOGAWA လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ပါလီမန် အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Hideo Watanabe လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၇၀ပြည့်နှစ်၊ဝါဆိုလဆန်း၁၀ရက်) ဇူလိုင် ၁၂ရက်(စနေနေ့) တွင် ယင်းဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် သာကေတမြို့နယ်ပါဠိကာရီပရိယတ္တိစာသင်တိုက်ကြီးနှင့် ရန်ကင်းမြို့နယ် စစ်ကိုင်း ရွှေဟင်္သာစံကျောင်းတို့မှ ပင့်သံဃာ ၁၀ပါးတို့အားဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းကပ်လှူမည်ဖြစ်သည်။ထို့ပြင် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော သံဃာတော်အားလုံးနှင့် သီလရှင် အားလုံးတို့ကို သင်္ကန်းနှင့် သီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

စာသင်သား လက်ခံလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၃၈)ရပ်ကွက်တပင်ရွှေထီးလမ်း မင်္ဂလာအေးစာသင်တိုက်၌ စာသင်သံဃာတော်များ လက်ခံလျက်ရှိသည်။ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် ဓမ္မာစရိယတန်း သံဃာတော်များ ဇူလိုင် ၁၇ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်းသိရသည်။

(က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ပခုက္ကူခရိုင် ပွင့်ဖြူမြို့နယ် လက်ဆည်ကျေးရွာ စုပေါင်းထွန်ယက်ပွဲ၊ မိုးစပါးစုပေါင်း ပျိုးထောင်ပွဲနှင့် နွေစပါးစုပေါင်းရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

မကွေးတိုင်း ပခုက္ကူမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် နံ့ပို့ကျေးရွာရှိ နံ့ပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနမှ စီမံကိန်းတာဝန်ခံ ဦးခင်ဇော်က နံ့ပို့မြစ်ရေတင်စီမံကိန်း၏ မြို့ပြဆိုင်ရာတည်ဆောက်ခြင်း၊ လျှပ်စစ်လိုင်းသွယ်တန်းခြင်းနှင့် ရေစုပ်စက်များ တပ်ဆင်ခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ခင်ဇော်က စီမံကိန်းအတွက် လိုအပ်သောပစ္စည်းများ အမြန်ဆုံးဝယ်ယူနိုင်ရေးနှင့် သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်ခင်ဇော်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နံ့ပို့လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၏ရေစုပ်စက်များ တပ်ဆင်မည့်ပင်မအဆင့်၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်နှင့် ပင်မမြောင်းကြီး တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နံ့ပို့လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည်ရေပေါ်ရေတင်စနစ်ဖြင့် ဧရာဝတီမြစ်မှရေများကို ရေစုပ်စက်ကြီးများ အသုံးပြု၍ ဆည်ရေသောက်ဧရိယာ ဧက ၈၀၀၀ ကို ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် ကျွတ်ဖြည့်(ကျွတ်ထိုး) ကျေးရွာရှိ ဆားထုတ်လုပ်ငန်းသို့ ရောက်ရှိကြရာအမှတ်(၁)စက်မှုဝန်ကြီးဌာန ပခုက္ကူအမှတ်(၂) စီးကရက်စက်ရုံမှတာဝန်ခံ ဦးအောင်မျိုးမင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်တို့က ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ခင်ဇော်ကလိုအပ်သည်များကိုမှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ်ရှိ ကြံခင်း-ပခုက္ကူရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၈) မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးဝင်းနှင့်အင်ဂျင်နီယာမှူး ဦးတင်မောင်ဦးတို့က ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ် ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာဌာနမှ စီမံကိန်းအင်ဂျင်နီယာ ဦးငွေအောင်က ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ပွင့်ဖြူ-ပခုက္ကူလမ်းအပိုင်းလုပ်ငန်းဆောင်ရွက်မှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်းသစ် ဖောက်လုပ်ပြီးစီးပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမြို့မှ တစ်ဆင့်ဂန့်ဂေါ၊ ကလေးမြို့များသို့ လည်းကောင်း၊ ပခုက္ကူ ချောင်းဦး၊ မုံရွာ၊ ရေဦး၊ ခင်ဦးမြို့များမှတစ်ဆင့် မြန်မာပြည်အထက်ပိုင်းရှိ မြို့များသို့ လည်းကောင်း သွားလာနိုင်မည် ဖြစ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့သည် ပခုက္ကူမြို့နယ်၊ မြစ်ခြေကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါ သားခွဲပေါင်းရှင်းကြားလိုက်ပွဲသို့ ရောက်ရှိကြပြီး ဝါစိုက်ပျိုးနေမှု၊ စိုက်ပြီး ဝါခင်းများ၌ ကြားလိုက်သားခွဲ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် တန့်ကြည့်တောင် သဘာဝစိမ်းလန်း စိုပြည်ရေးစီမံကိန်းနှင့် ပခုက္ကူခရိုင် ပွင့်ဖြူမြို့နယ် လက်ဆည်ကျေးရွာစုပေါင်းထွန်ယက်ပွဲ၊ မိုးစပါးစုပေါင်းပျိုးထောင်ပွဲနှင့် နွေစပါး စုပေါင်းရိတ်သိမ်းပွဲတို့သို့ တက်ရောက်အားပေး ကြည့်ရှုသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ်နှင့် ချောက်မြို့နယ်အကြားရှိ အနော်ရထာ ဧရာဝတီမြစ်ကူးတံတားကြီး၏ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲ၊ ယာရှိ အောင်မြင်ဖြစ်ထွန်းနေသောခြံစည်းရိုးကြက်ဆူပင်များနှင့် နှမ်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ မကွေးမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့ မင်္ဂလာအခမ်းအနားကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင်အဆိုပါကုန်းတော်ပေါ်၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ ဥက္ကဋ္ဌရုံး ဖုန်း-၆၄၄၈၅၇ နှင့်ရုံးအဖွဲ့ ဖုန်း-၆၄၄၈၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	နှောင်းခေတ်တေးပဒေသာ
၇း၅၀	၅။	အကပြိုင်ပွဲ
၈း၀၅	၆။	ဧရာဝတီအလှတစ်ပါး ရတနာပုံတံတား
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	ရုပ်မြင်ရသတေးစုကဏ္ဍ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အတီးပြိုင်ပွဲ
၄း၂၀	၃။	ကြေးမုံရိပ်သွင်တေးနုယဉ်
၄း၃၅	၄။	အကပဒေသာ
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၆။	အဆိုပြိုင်ပွဲ
၅း၁၅	၇။	**"တစ်သက်စာ" [ထွန်းထွန်း(Examplez) သဇင်၊ မိုးရန်အောင်၊ ချစ်စရာ၊ ဂွမ်းပုံလေး၊ အောင်မြင့်မိုး နှင့်အဖွဲ့]**
၅း၄၀	၈။	တေးဂီတအစီအစဉ်
၅း၅၀	၉။	"ကရုဏာသံစဉ် ခရီးစဉ် ရင်မှာပီတိ ဂွမ်းဆီထိ" (အပိုင်း-၂)
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၁၂)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား' (အပိုင်း-၁၀)**
	၁၈။	အစီအစဉ်ပြီး၏။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသည့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာများအတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၀

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာများအတွက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ မတည်ငွေထည့်ဝင်၍ လှူဒါန်းမှုပြုလုပ်သွားမည် ဖြစ်သည်။

မုန်တိုင်းဒဏ် ကင်းလွတ်ကြသော မြန်မာပြည်အရပ်ရပ်မှ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲများနှင့် မိုးကုတ်ယောဂီများ၏ ပါဝင်လှူဒါန်းငွေများဖြင့် အဖွဲ့ချုပ်ကြီးတွင် နာယကဆရာတော်ကြီးများ ပင့်ဖိတ်၍ လေဘေးဒဏ်ခံရသော အဖွဲ့ခွဲများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ စုပေါင်းပါဝင် ငွေ/ပစ္စည်းများကို ခွဲဝေလှူဒါန်းသွားမည်ဖြစ်သည်။

သို့ဖြစ်၍ လေဘေးဒဏ်ကင်းလွတ်သော အဖွဲ့ခွဲများအနေနှင့်ဖြစ်စေ၊ မိုးကုတ်ယောဂီတစ်ဦးချင်းဖြစ်စေ၊စုပေါင်း၍ဖြစ်စေပါဝင်လှူဒါန်းကြပါရန်နှင့် လှူဒါန်းပွဲကို ယခုလကုန် ကျင်းပနိုင်ရန် လှူဒါန်းမှုအစုစုကို ဇူလိုင် ၂၇ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်သို့ ပေးပို့ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက အဖွဲ့ချုပ် ဖုန်း ၀၁-၅၄၁၈၆၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ကပ်လှူပူဇော်မည်

ရန်ကုန် ဇူလိုင် ၁၀

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၇ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်းတိုက် မှန်ကျောင်းရွှေနှင်းဆီ ဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ ပုဂံညောင်ဦးမြို့နယ်ဖွား ရန်ကုန်ရောက်ကျောင်းထိုင်ဆရာ တော်များကို မတည်အလှူရှင် ဂျိုးမင်းသက်န်းတိုက် ဦးနွေးအောင်-ဒေါ်တင်ဝိုင်း မိသားစုနှင့်အတူ ဝါဆိုသင်္ကန်းကပ်လှူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ရန်ကုန်ရောက် ပုဂံညောင်ဦးမြို့နယ်သူ၊ မြို့နယ်သားများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ နာယက ဒုတိယဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း) ဖုန်း-၅၉၁၅၂၉နှင့် ၀၉-၅၁၂၂၉၁၈၊ ဥက္ကဋ္ဌဦးသိန်းအောင် ဖုန်း -၅၇၇၇၀၂နှင့် ၀၉-၅၁ ၆၀၂၈၅ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၂၄၈၉၊ ဗိုလ်ကြီးထွန်းအောင်ရှိန်(ငြိမ်း) ဖုန်း-၅၅၆၄၇၂၊ ဦးဖိုးချို(ညောင်ဦးဖိုးချို)ဖုန်း-၅၄၅၃၂၃၊ ဦးနွေးအောင်-ဒေါ်တင်ဝိုင်း ဖုန်း ၀၉-၅၀၃၄၄၄၇ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မဏ္ဍလာကံယုံကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၀

ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ မဏ္ဍလာကံယုံကျောင်း၊ သာသနာလင်္ကာရ ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေတု(မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးပြုသော သံဃာတော်အရှင်သူမြတ်များအားဂေါပကအဖွဲ့မှဦးဆောင်ပြီး(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇယမေဒနီခဏ္ဍသိမ်တော်ကြီး ဒုတိယထပ် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ပွဲကို ဇူလိုင် ၁၇ရက် (ကြာသပတေးနေ့) နံနက် ၈ နာရီခွဲ၌ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ ဓမ္မမိတ်ဆွေများ ကိုယ်တိုင်ဆက်ကပ်လှူဒါန်းကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

ဝါတွင်း အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၁၀

အလုံမြို့နယ် ဇောတနာရာမ ပရိယတ္တိစာသင်တိုက်အတွင်း ဇူလိုင် ၁၇ ရက်တွင် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။ ဇူလိုင် ၁၆ရက်တွင် ဘဒ္ဒန္တသိရိန္ဒာ ဘိဝံသ (ယောဆရာတော်)၊ ဇူလိုင် ၁၇ ရက်နှင့်၁၈ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတဆရာတော်) တို့က တရားတော်များ ဟောကြားပြီး ဝါတွင်းကာလ အပတ်စဉ် ဥပုသ် နေ့နှင့် ဥပုသ်ထွက်ရက်များတွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ Human Resources Development အတွက် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Technical Division Architecture မှ စီစဉ်သည့် Human Resources Development အတွက် ရည်ရွယ်ပြုလုပ်သော ဟောပြောပွဲများကို ဇူလိုင် ၁၂ရက်(စနေနေ့) နံနက် ၁၁နာရီတွင်လှိုင်တက္ကသိုလ် (လှိုင်နယ်မြေ) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မနုဿကျော်ဝင်း(အငြိမ်းစားညွှန်ကြားရေးမှူးချုပ်ရှေးဟောင်းသုတေသနဦးစီးဌာန၊ ဗဟိုအမှုဆောင်ကော်မတီဝင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဂုဏ်ထူးဆောင်ပါမောက္ခ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)က **"အသုံးချစရာလက်တွေ့ဘဝနယ်ပယ်မှာ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာနေဇင်လတ်(ဥက္ကဋ္ဌ AMBO ကုမ္ပဏီနှင့် AMBO Hotel Group၊ အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း)က Living With Knowledge &Challenges ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

သစ်တောရေးရာ ဝန်ကြီးဌာန၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ရှေးဦးစွာ နေပြည်တော်လယ်ဝေး ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇနိန္ဒ ထံမှ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ပိဋကတ်သုံးပုံကျမ်းစာများ၊ ဆွမ်းဆန်တော်နှင့် ဆီများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သစ်တောရေးရာ)

မြောက်ဥက္ကလာပမြို့နယ်၊ သန္တာရပ်ကွက်ရှိ အောင်မေတ္တာဝါဒီ ဘုန်းတော်ကြီးကျောင်း၌ နှစ်ထပ်သိမ်ကျောင်း ဆောက်လုပ်ရန်အတွက် လှိုင်မြို့နယ် ရတနာမွန် (၂)လမ်းနေ ဦးချမ်းသာ-ဒေါ်ဥမ္မာမြင့် (ခ) ဒေါ်ဟန်နီဦး (ချမ်းသာအောင်မြင်ကုမ္ပဏီနှင့် သုခစုစံ ပြည်ပအလုပ်အကိုင် ရှာဖွေရေးကုမ္ပဏီ)၊ သမီး မဖြူစင်ချမ်းသာ၊ သား မောင်ပြည့်စုံချမ်းသာတို့က ပထမအကြိမ် မတည်လှူဒါန်းငွေ ကျပ်သိန်း ၅၀ ကို ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ကွယ်လွန်သူ ဒေါ်စိန်စိန်အားရည်စူး၍ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဈေး(၁၄)လမ်းနေ ဦးမြသောင်း (သက်စောင့်ဆေးဆိုင်) မိသားစုတို့က (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ လေဘေးဒဏ်သင့် သဒ္ဓမ္မဝါဓိ ဟာသံတ ပရိယတ္တိစာသင်တိုက်ကြီး အမိုးအကာများ ပြန်လည်ပြုပြင်ရန်နှင့် သုံးထပ်ကျောင်းဆောင်သစ်ကြီး ပြန်လည်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသီရိထံ လှူဒါန်းရာ သာသနာနုဂ္ဂဟ သဟပုညကာရီအဖွဲ့ နာယက ဦးအေးကိုနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင့်လွင်တို့ လက်ခံယူစဉ်။ (က-ပ)

စက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်းဆင်း အင်ဂျင်နီယာမိသားစုများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၀

စက်မှုလက်မှုသိပ္ပံ(ချောက်) ကျောင်းဆင်းအင်ဂျင်နီယာ မိသားစုများ၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာကန်တော့ပွဲကို ဇူလိုင် ၂၆ရက် (စနေနေ့) နံနက် ၉နာရီတွင် မကွေးမြို့ မြသလွန်ဘုရားအရှေ့ဘက်ရှိ ဝေဠုဝန်ကျောင်းတိုက်၌ လည်းကောင်း၊ ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့ ၇၀-၇၁ လမ်းကြားနှင့် ၃၀-၃၁လမ်းကြားရှိ နန်းဦးကျောင်းတိုက်၌လည်းကောင်း၊ ဩဂုတ် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဗဟန်း (၃)လမ်းမှတ်တိုင်အနီးရှိ အဘိဓမ္မာ ရတနာယရဓမ္မဗိမာန်တော်ကြီး၌လည်းကောင်း အသီးသီး ကျင်းပမည်ဖြစ်၍ ကျောင်းဆင်းအင်ဂျင်နီယာမိသားစုများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ် ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း- ၀၉-၅၃၄၀၄၉၅၊ ဦးသောင်းညွန့် ဖုန်း- ၀၂-၆၄၅၀၀နှင့် ဦးမောင်မောင်အုန်းမြင့် ဖုန်း- ၀၉-၅၀၁၅၆၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"နိဗ္ဗာန်အကြောင်း သိကောင်းစရာ"တရားတော် ဘဒ္ဒန္တခေမာစာရ(အောင်ခေမာဆရာတော်)
၇း၅၅ - ၁း၅၅	Rainforest Homeland (အပိုင်း-၁)
၈း၃၀ - ၂း၃၀	ဂီတအနုပညာရှင်များ၏ ကရုဏာသံစဉ်ခရီး
၈း၅၀ - ၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅ - ၂း၅၅	အန္တရာယ်ကင်းသော မိခင်ဘဝ (ဒေါက်တာသိန်းသိန်းဌေး)
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	ဆရာကြီးဦးသန်း၏ မြတ်သောမွေးနေ့မင်္ဂလာ
၉း၂၅ - ၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းမြေဇာနှင့် တွေ့ဆုံခြင်း)
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၃၅ - ၄း၃၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ - ၄း၄၅	Art Vision (High Key - 3) ပန်းချီပြပွဲ
၁၁း၀၅ - ၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	ရွှေရတုအကြို ဥက္ကလာတေးသံချို (အပိုင်း - ၃)
၁၁း၃၀ - ၅း၃၀	နယဉ်ဆန်းထွင်ပန်းအလှဆင် ယပ်တောင်ပုံပန်းအိုးထိုးနည်း (ပန်းအိုးအကြီး)
၁၁း၅၀ - ၅း၅၀	MRTV - 4 စာအုပ်စင်ကဏ္ဍ (ဆရာဦးကံမြင့် နှင့် တွေ့ဆုံခြင်း)
၁၂း၁၀ - ၆း၁၀	လေလှိုင်းမှ ဖြေကြားပရိသတ်များအမေးစကား
၁၂း၃၀ - ၆း၃၀	တစ်သက်စာ [ထွန်းထွန်း (Examplez)၊ သဇင်] (ဒါရိုက်တာ - ဝင်းထွန်းထွန်း)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝါဆိုရည်မှန်း မြတ်သင်္ကန်း လှူဒါန်းပူဇော်ပွဲ

အိမ်တော်ရာ ဒဂုံ ပရိယတ္တိစာသင်တိုက်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အိမ်တော်ရာ ဒဂုံ ပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒအား အမျှူးထားလျက် ဝါဆိုဝါကပ်တော်မူကြသည့် စာချ၊ စာသင် သံဃာတော် အရှင်သူမြတ် အပါး ၁၀၀ ကျော်တို့အား ဝါဆိုရည်မှန်း မြတ်သင်္ကန်းကို တစ်ပါးလျှင် ဒွိစုံ တစ်စုံစီ အပါးစေ့ လှူဒါန်းကြမည်ဖြစ်ရာ ကိုယ်တိုင်ကြွရောက် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်တီစံ မဟာစည်သာသနာ့ရိပ်သာ

ရန်ကုန် ဇူလိုင် ၁၀

ပုဇွန်တောင်မြို့နယ် အမှတ် (၂) ရပ်ကွက် လယ်တီစံမဟာစည် သာသနာ့ရိပ်သာ၌ ပုရိမဝါကပ်တော်မူကြမည့် သံဃာတော်များနှင့် ပင့်သံဃာတော်များအား စုပေါင်း၍ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ခြင်းနှင့် ဆောက်လုပ်ဆဲ ဘောဇနဆောင်အတွက် အလှူငွေလှူဒါန်းခြင်း အခမ်းအနားကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက် (ဇူလိုင် ၂၇ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ပြီး ဆောက်လုပ်ဆဲ ဘောဇနဆောင်အတွက် ကုသိုလ်ယူ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် အဆိုပါရိပ်သာ ဖုန်း-၂၀၁၆၃၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း၊ ကျင်းပမည့်နေ့တွင် အလှူရှင်ဦးဂျင်လှိုင်-ဒေါ်ရှုဝါမိသားစု ပုဇွန်တောင် ရေကျော်လမ်းမှ မုန့်ဟင်းခါးဖြင့် ဒါနပြုမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မူဆယ် နမ့်ခမ်းမြို့နယ်အသင်း

ရန်ကုန် ဇူလိုင် ၁၀

ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် မောရွှေပြည်ကျောင်းတိုက်၌ ဝါဆို ဝါကပ်တော်မူကြကုန်သော စာချ၊ စာသင် သံဃာတော်များနှင့် ပင့်သံဃာတော်များအား မူဆယ် နမ့်ခမ်းမြို့နယ်အသင်း၏ (၁၀)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်) ကြာသပတေးနေ့ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သဖြင့် မြို့နယ်သူ၊ မြို့နယ်သားများနှင့် မောရွှေပြည်ကျောင်းတိုက် ဒါယကာ၊ ဒါယိကာမများ ကြွရောက်၍ အတူတကွ ကုသိုလ်ယူ ရေစက်ချ တရားတော်နာယူကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

စလေအသင်း(ရန်ကုန်)

ရန်ကုန် ဇူလိုင် ၁၀

စလေအသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်) (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် ကျောင်းဝိုင်းအမှတ်(၅) ကန်ဦးကျောင်းတိုက် စလေသီဟိုကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသင်းသူ၊ အသင်းသားများနှင့် စလေနယ်သူ၊ နယ်သားများ တက်ရောက်လှူဒါန်းပူဇော်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို စလေသီဟိုကျောင်း ဖုန်း- ၅၇၉၉၀၃၊ အတွင်းရေးမှူး ဦးစောလွင် ဖုန်း- ၅၁၈၄၄၈ နှင့် တွဲဖက် အတွင်းရေးမှူး ဒေါ်ပြုံး ဖုန်း- ၆၆၁၂၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြောက်ဥက္ကလာပ အထက(၁)

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩဘာသအား အမှူးထား၍ မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများက နဝမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက်တက်ရောက်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်

ရန်ကုန် ဇူလိုင် ၁၀

အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ စာချ စာသင် သံဃာတော် အပါး ၃၀၀ ကျော်တို့အား ဝါဆိုသင်္ကန်း ကပ်လှူပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ သံဃာတစ်ပါးလျှင် သင်္ကန်းဒွိစုံ တစ်စုံစီ ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ စီဝိုင်စီသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ဖုန်း- ၀၁-၆၄၀၀၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အတည်ပြုဖောင် ၃း၁၅

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ဒေးဒရဲမြို့နယ် ကမ်းနားရှိ ဒေသခံ ရေလုပ်သား များအတွက် ဖြန့်ဝေမည့် ဦးချွန်း၊ ပဲ့ချွန်း ၂၁ ပေ ငါးဖမ်းစက်လှေငယ်များနှင့် ငါးဖမ်းပိုက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို
ဧရာဝတီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၆ ရက် နံနက် ၇ နာရီတွင် ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကိုကိုသည် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကိုကိုက ဒေးဒရဲမြို့နယ် လေဘေးသင့်ဒေသ ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အဆင့်(၁) ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အဆင့်(၂) ပြန်လည်ထူထောင်ရေး လုပ်ငန်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေကြောင်း၊ အဆင့်(၃)ဖြစ်သည့် လေဘေးကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် လုပ်အားများ ဆုံးရှုံးမှု မဖြစ်စေရေးအတွက် ဒေသခံပြည်သူများသည် တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ဒေးဒရဲမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ အခြေပြမြေပုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ကမ်းနား၌ တိုးမြစ်ရေစီးဆင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံရေလုပ်သားများအတွက် ဖြန့်ဝေမည့် ဦးချွန်း၊ ပဲ့ချွန်း ၂၁ ပေ ငါးဖမ်းစက်လှေငယ်များနှင့် ငါးဖမ်းပိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခုတင်(၅၀)ဆံ့ ဆေးရုံသားဖွားဆောင်ပြုပြင်တည်ဆောက်ရန် ဆောင်ရွက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဒေးဒရဲမြို့ ပြန်လည်တည်ဆောက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကိုကိုသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာရှိ လေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး အထောက်အကူပြု လှေတည်ဆောက်ရေး အလုပ်ရုံသို့ရောက်ရှိပြီး လှေတည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ရောက်ရှိကြပြီး ပြည်အေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာပေါင်းမြို့ ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သာပေါင်းမြို့ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့် ပျော့ဖတ်စက်ရုံ ဝါးတင်ဆိပ်သို့ ရောက်ရှိပြီး ဝါးကုန်ကြမ်းများ သယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး စက္ကူနှင့်ပျော့ဖတ်စက်ရုံစုဝင်းအတွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ၌ ကျင်းပသည့် ၂၀၀၈ ခုနှစ် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

စိုက်ပျိုးပွဲတွင် ကန်ကြီးထောင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းရွှေက ယခုနှစ် မိုးစပါးစိုက်ပျိုးရန်လျာထားဧက ၁၄၄၉၄၆ ရှိရာ ၆၅၆၅၉ ဧက စိုက်ပျိုးပြီးစီးမှု ၊ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးမျိုးပြောင်းလဲစိုက်ပျိုးမှု၊ မိုးစပါး မြို့ဝင်/မြို့ထွက် စံပြကွက် လျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက အထွက်နှုန်းကောင်းသည့် စပါးမျိုးကောင်း၊ မျိုးသန့်များကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန်နှင့် တာဝန်ရှိသူများက စည်းရုံးဆောင်ရွက်သွားရန် မှာကြားပြီး မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါးသိုင်းချောင်းမြို့ ဗောဓိကုန်းကျေးရွာသို့ရောက်ရှိပြီး ငဝန်မြစ်တာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ကိုကိုက တာများ ထိန်းသိမ်းသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရေး၊ သဘာဝဘေးမှာ ကြိုတင်မမျှော်မှန်းနိုင်သဖြင့် ကြိုတင်ကာကွယ်ရေးအတွက် လစ်ဟင်းမှု မရှိစေဘဲ သတိရှိရှိ ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိပြီး ကညင်ရေလှောင်တမံ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကညင်ရေလှောင်တမံသည် မြေသားတမံ အမျိုးအစားဖြစ်ပြီး စီမံကိန်းကြီးပြီးစီးသွားပါက လျှပ်စစ်ဓာတ်အား (၅)မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကာ ဧက ၂၅၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအနီးရှိ မမြရေလှောင်တမံသို့ရောက်ရှိပြီး ရေလှောင်တမံကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံ ရေပိုလွှဲသို့ ရောက်ရှိရာ ရေလှောင်တမံ၏ ရေစီးဝင်မှု၊ ရေလှောင်ပမာဏ၊ ရေလှောင်တမံ ကြံ့ခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်) ရုံးခန်းဖြစ်မြောက်ရေး အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဘဏ်ရိပ်သာရွှေ ဒယ်လ်တာ ပလာဇာ တိုက်-စီနေ ဒေါ်သိန်းသိန်း၊ ဒေါ်ဝင်းဝင်းတို့က သားကိုဌေးအောင် မွေးနေ့အလှူအဖြစ် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးထွန်းရီနှင့် အမှုဆောင်အဖွဲ့က လက်ခံစဉ်။

(သတင်းစဉ်)

ပန်းလှိုင်ဆေးရုံမှ စေတနာ့ဝန်ထမ်း ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်များ ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းဒေသ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

(ကျန်းမာရေး)

သူတို့ ဤသို့တီထွင်ခဲ့ကြသည်

နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့ကြသည်။ အဆိုပါပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

စဉ်	တီထွင်သည့်ပစ္စည်း	တီထွင်သည့်ခုနှစ်	တီထွင်သူ	နိုင်ငံသား
၁	ဂဏန်းပေါင်းစက်	၁၆၄၂	Pascal	ပြင်သစ်
၂	ဂဏန်းပေါင်းစက်	၁၈၈၅	Burroughs	အမေရိကန်
၃	ဆေးဖျန်းကိရိယာ	၁၉၂၆	Rotheim	နော်ဝေ
၄	လေအိတ်(Airbag)	၁၉၅၂	Hetrick	အမေရိကန်
၅	လေဘရိတ်(Air brake)	၁၈၆၈	Westinghouse	အမေရိကန်
၆	လေအေးပေးစက်	၁၉၀၂	Carrier	အမေရိကန်
၇	လေစုပ်စက်/လေမှုတ်စက် (Air pump)	၁၆၅၄	Guericke	ဂျာမနီ
၈	အလိုအလျောက် လေယာဉ်မောင်းကိရိယာ(Airplane automatic pilot)	၁၉၁၂	Sperry	အမေရိကန်
၉	ဂျက်လေယာဉ်အင်ဂျင်	၁၉၃၉	Ohain	ဂျာမနီ
၁၀	လေယာဉ်ပျံ (Airplane with motor)	၁၉၀၃	Wright Brother	အမေရိကန်

▲ ရှေ့ဖုံးမှ

နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ဌာနဆိုင်ရာများသို့ သွင်းကုန်အစားထိုး ထုတ်လုပ်ရောင်းချပေးမှု၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရန်အထိ ရည်မှန်းဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။ 'စိုး' လျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ထရန်စဖော်မာများသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ မြန်မာနိုင်ငံ၏ လုပ်ငန်းသဘာဝ၊ ရာသီဥတုနှင့် အထူးသင့်လျော်စွာ ဒီဇိုင်းပြုလုပ်ထားသဖြင့် အခြားထရန်စဖော်မာများနှင့် ကွဲပြားကြောင်း သိရသည်။ ထို့ကြောင့် ၂၀၀၅ခုနှစ်တွင် ISO 9001 : 2000 လက်မှတ်ကို ချီးမြှင့်ခံရကြောင်း သိရသည်။

ထုတ်လုပ်မှုအနေဖြင့် တစ်လလျှင် ထရန်စဖော်မာအလုံးရေ ၁၂၀ မှ ၁၅၀ အတွင်း ထုတ်လုပ်လျက်ရှိပြီး MV-12-OI Outdoor Isolator ကို တစ်လလျှင် အလုံး ၃၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁) စက်မှုဇုန်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဒေါ်လှဲ့လှဲ့ဝင်းက စက်ရုံ၌ အိမ်သုံးမီတာနှင့် လုပ်ငန်းသုံးမီတာများ တစ်နှစ်ခြောက်သိန်း ထုတ်လုပ်ပေးမှု၊ ထုတ်လုပ်ဖြန့်ဖြူးပေးမှု၊ ဝန်ထမ်းအင်အား၊ စက်ရုံ၏ အကျယ်အဝန်းနှင့် ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် စက်ရုံအတွင်း အိမ်သုံးမီတာနှင့် လုပ်ငန်းသုံးမီတာများ ထုတ်လုပ်နေမှုအဆင့်ဆင့်၊ မီတာအတွင်း ပါဝင်သည့်အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်နေမှုနှင့် မီတာအရည်အသွေး စစ်ဆေးစမ်းသပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁) စက်မှုဇုန်ရှိ ခင်မောင်ညွန့် ထရေးဒင်းကုမ္ပဏီ၏ Electric Panels Assorted ထုတ်လုပ်မှု စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ညွန့်က စက်ရုံ၏ ဝန်ထမ်းအင်အား၊ ထုတ်လုပ်မှု အဆင့်ဆင့်၊ တစ်နှစ်လျှင် အရွယ်အစားပေါင်းစုံ ၁၈၀၀ အထိ ထုတ်လုပ်ပေးနိုင်မှုတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်အတွင်းရှိ စက်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများအား နိုင်ငံတော်က သွင်းကုန်အစားထိုး စက်မှုကုန်ပစ္စည်းများ ကျယ်ပြန့်စွာ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် အလေးထား ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးအတွက် ရည်မှန်း၍ နိုင်ငံတကာ စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရန် အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းသည် စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ထိပ်ဆုံးမှ ရပ်တည်နိုင်သော တိုင်းကြီးတစ်တိုင်းဖြစ်၍ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးမှအစ အခြေခံအဆောက်အအုံများကို အစစအရာရာ မလစ်ဟင်းစေရန် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွင်းကုန်အစားထိုး စက်မှုပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးသာမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်သည်အထိ ရည်မှန်းကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိရာ ဘွဲ့နှင်းသဘင်ကောင်စီခန်းမရှိ ပါမောက္ခ ဒေါက်တာတင်ထွန်းက ပါမောက္ခချုပ်၊ ပါမောက္ခနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမအင်အား၊ မဟာတန်းနှင့် ပါရဂူဘွဲ့ သင်ကြားနေသူကျောင်းသားအရေအတွက်၊ သင်ကြားဆောင်ရွက်ပေးမှုတို့ကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ အထူးအဖွဲ့(၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်က မုန်တိုင်းတိုက်ခတ်စဉ်က ပျက်စီးမှုနှင့် ပြန်လည်ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်တက္ကသိုလ်အတွင်း မုန်တိုင်းဒဏ်ကြောင့် လဲပြိုသစ်ပင်များ ရှင်းလင်းပြီးစီးမှု၊ အဆောင်များ ပြုပြင်ဆောင်ရွက်ရန် စီမံထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများရှိ ဥပဒေရုံးများ ရှေ့နေချုပ် ဦးအေးမောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ရှေ့နေချုပ် ဦးအေးမောင်သည် ရှေ့နေချုပ်ရုံး(နေပြည်တော်)မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်လိုက်ပါလျက် ဇူလိုင် ၅ ရက်မှ ၇ ရက်အတွင်း ရန်ကုန်တိုင်းရှိ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များ၊ ဧရာဝတီတိုင်းရှိ ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ မအူပင်၊ ပုသိမ်၊ မြောင်းမြနှင့် လပွတ္တာမြို့နယ်များရှိ ဥပဒေရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးဇေယျ၊ ဧရာဝတီတိုင်း ဥပဒေအရာရှိ ဦးမြင့်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လေဘေးသင့်ရုံးများကို ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် တရားရုံးများတွင် အမှုလိုက်ပါ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ရှေ့နေချုပ်က လိုအပ်သည်များကို မှာကြား၍ လေဘေးသင့် ဥပဒေရုံးများမှ ဝန်ထမ်းမိသားစုများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကာ ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ရှေ့နေချုပ်သည် ဇူလိုင် ၈ ရက်တွင် ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်) ရန်ကုန်တိုင်း ဥပဒေရုံး၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် ဥပဒေရုံးများမှ တာဝန်ခံဥပဒေအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

ရန်ကုန် ဇူလိုင် ၁၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင်နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မြိတ်မြို့တွင် ၃ဒသမ၂၃လက်မ၊ ရေးမြို့တွင်၂ဒသမ၄၀လက်မ၊ ထားဝယ်မြို့တွင်၂ဒသမ၃၂လက်မ၊ ဖျာပုံမြို့တွင် ၂ဒသမ၀၀လက်မ၊ ငွေမြို့တွင် ၁ဒသမ၉၇လက်မ၊ လှိုင်ကော်မြို့တွင် ၁ဒသမ၈၁လက်မနှင့် မော်လမြိုင်မြို့တွင် ၁ဒသမ၇၃လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၁၁ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်း တိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၉ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) ၉-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၈ ဒီဂရီစင်တီဂရိတ်(၆၉ ဒီဂရီဖာရင်ဟိုက်) ၁၀-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၀-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ဒသမ၂ နာရီခန့် ၉-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၀-၇-၂၀၀၈	၂၇မမ(၁.၀၆လက်မ)	၂၅မမ(၀.၉၈လက်မ)	၂၉မမ(၁.၁၄လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၂၅၃ မမ (၄၉.၃၃လက်မ)	၁၅၀၂မမ(၅၉.၁၃လက်မ)	၁၈၂၆မမ(၇၁.၈၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၇-၂၀၀၈ ရက် ၁၆း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်း တိုက်ခတ်သည်။

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ယနေ့ ကျင်းပမည် အုပ်စုရှစ်အုပ်စုခွဲထားပြီး ဝန်ကြီးဌာနအသင်းပေါင်း ၃၅သင်း ပါဝင်

နေပြည်တော်ပျဉ်းမနား ဇူလိုင် ၁၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၁ရက် (ယနေ့)စတင်ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနအသီးသီးမှ ဘောလုံးအသင်း ၃၅ သင်းကို အုပ်စု ရှစ်အုပ်စုခွဲ၍ နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို နေပြည်တော် ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ပွဲဦးထွက် ပွဲစဉ်အဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘောလုံးအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယခုနှစ်ပြိုင်ပွဲ၏ ထူးခြားချက်မှာ ဘောလုံးအသင်းတစ်သင်းလျှင် အားကစားသမား ၂၅ဦးဖြင့် ဖွဲ့စည်းခွင့်ပြု၍ အသင်းဖွဲ့စည်းမှုတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ဒုတိယတန်းပြိုင်ပွဲနှင့် ပြည်နယ်နှင့်တိုင်းများ၌ ကစားခဲ့ဖူးသည့် အားကစားသမားရှစ်ဦး ပါဝင်ထည့်သွင်းဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုသည်။ သို့ရာတွင် ကွင်းအတွင်း ထည့်သွင်းကစားရန် ကစားသမားငါးဦး လဲလှယ်ထည့်သွင်းကစားရန် ခွင့်ပြုသည်။ ယခုပြိုင်ပွဲ အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများနှင့် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုကိုပါ ချီးမြှင့်သွားမည်ဖြစ်သည်။

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဘောလုံးအသင်းဖြစ်ပြီး ဒုတိယ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဘောလုံးအသင်း၊ တတိယ အားကစားဝန်ကြီးဌာန ဘောလုံးအသင်း၊ စတုတ္ထ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဘောလုံးအသင်းတို့ဖြစ်၍ အသန့်ရှင်းဆုံးဘောလုံးအသင်းဆုကို အားကစားဝန်ကြီးဌာနဘောလုံးအသင်းက ရရှိထားသည်။

ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများနှင့် အုပ်စုအခြေအနေများ

(က)အုပ်စု	(ခ)အုပ်စု	(ဂ)အုပ်စု	(ဃ)အုပ်စု
မွေး/ရေ	အလုပ်သမား	ရထားပို့ဆောင်ရေး	အားကစား
အမှတ်(၂)လျှပ်စစ်	တရားရုံးချုပ်	ပြန်ကြားရေး	စီမံ/စီးပွား
စက်မှု(၁)	အမှတ်(၁)လျှပ်စစ်	ဆောက်လုပ်ရေး	နယ်စပ်/စည်ပင်
ပညာရေး	ယဉ်ကျေးမှု	ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး	သမဝါယမ

(င)အုပ်စု	(စ)အုပ်စု	(ဆ)အုပ်စု	(ဇ)အုပ်စု
ဘဏ္ဍာ/အခွန်	ကာကွယ်ရေး	ဆက်သွယ်ရေး	စီးပွား/ကူးသန်း
ကျန်းမာရေး	သတ္တုတွင်း	သိပ္ပံ/နည်းပညာ	ပို့ဆောင်ရေး
သာသနာရေး	လဝက	ပြည်ထဲရေး	စွမ်းအင်
လယ်ယာ/ဆည်မြောင်း	လူမှုဝန်ထမ်း	နိုင်ငံခြားရေး	သစ်တောရေးရာ
	ရှေ့နေချုပ်ရုံး	ဟိုတယ်/ခရီး	စက်မှု(၂)

(၁၀၇)

The Live News ဂျာနယ် အမှတ်(၈၈) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၀

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ်အမှတ်(၈၈)တွင် ဆင်ဖြူကျွန်း အောင်သိန်း၏ စမ္ပာနဂိုရ်ကန္တာရမ၊ မြင်းမူမောင်နိုင်မိုး၏ ကြိုးစားကြပညာရှိနှင့် လူမိုက်၊ နီမင်းဆွေ၏ (No Country for Old Men) ကမ္ဘာမဲ့ဇရာ (၅)၊ ကိုကိုလှိုင်၏ နောက်ဆုံးပစ်မှတ် အီရန်၊ အမေရိကန်နှင့် အစ္စရေးတို့၏ ရှုးသွပ်မှုလော၊နီငြိမ်း(အညာတက္ကသိုလ်)၏ စင်ကာပူ၏ လူမှုစီးပွားရေးဘဝနှင့် ပညာရေးဖွံ့ဖြိုးမှုများ၊ ဇော်ဝင်းကြည်၏ ကမ္ဘာကြီးကို ကိုင်လှုပ်မည့် အင်တာဘေးပြဿနာ၊ မောင်မြတ်မွန်(ဆူးလေ)၏ သမိုင်းကြောင်းကောင်းတဲ့ စမ်းချောင်းမြို့နယ်က ရှင်စောပုလမ်း (Windsor Road)၊ ခေတ်ဆီအစားထိုး ဇီဝအီသနောဆီကို စက်ရုံတည်ဆောက်ထုတ်လုပ်သွားမည်၊ အချစ်ကြီးလို့ ပရိသတ်တွေအတွက်ရှိနေတာပါဆိုတဲ့ မေစပယ်ညို၊ မျက်နှာကြီးရာ ဟင်းဖတ်ပါ၊ မြေနိမ့်ရာလှံစိုက်သည့်အနောက်အုပ်စု၊ ဂျေရုဆလင်မြို့လယ်တွင်ပွဲကြမ်းခဲ့သည့် မြေကော်စက်တစ်စီးနှင့် ပါလက်စတိုင်း အသေခံတစ်ဦး၊ အင်ဒိုနီးရှားသမ္မတဟောင်း မီဂါဝတီဆူကာနိုပူထရီအား ပြန်လည်လူကြိုက်များလာဟု စစ်တမ်းကဖော်ပြ၊ တွန့်လိန်သက်ဝင်လှုပ်ရှားနိုင်သော မိုးထိုးတိုက်ဆန်း၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ကျားဆိုမှကျား၊ ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၈၃၊ ၈၄)၊ ပင်လယ်ပျော်မင်းသား အပိုင်း (၁၁၊ ၁၂)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း (၁၂၊ ၁၃) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ်စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ(၁၃)စောင် ကျပ် ၅၈၅၀၊ ခြောက်လ(၂၆)စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀)၊အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Services) အမှတ်(၅၅) ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ဧရာဝတီတိုင်း ဒေးဒရဲဒေသတွင် အခြေပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဌာနဆိုင်ရာ ဝန်ထမ်းများလိုက်ပါလျက် ဇူလိုင် ၇ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့မှ ရှမ်းကန်ကျေးရွာသို့ရောက်ရှိပြီး ရှေးဦးစွာ ကျေးရွာအထက်တန်းကျောင်းခွဲ စာသင်ကျောင်း ပြုပြင်ပြီးစီးမှုနှင့် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုပြီး ကျောင်းစာသင်ခုံများ ပြုလုပ်ရန်အတွက် ကျောင်းအုပ်ဆရာကြီးထံ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာဘုန်းကြီးကျောင်းရှိ ယာယီစာသင်ဆောင်၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုပြီး ဝေဠုဝတီကျောင်းတိုက် ဆရာတော် ဦးကုမာရအား ဖူးမြော်ကြည်ညိုကာ ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ရန်အတွက် သွပ်နှင့် အလှူငွေများဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် မရမ်းကျေးရွာအုပ်စုအတွက် ဖားမားဖိုးရာဇာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည့် အမြဲတမ်းနေအိမ်ဆောက်လုပ်မည့်နေရာကို ရွေးချယ်သတ်မှတ်ပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးသည် ဆူးကလပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာန ပြန်လည်တည်ဆောက်ပြီးစီးမှုကိုကြည့်ရှုပြီး ရှေ့တန်းရိက္ခာဝေစခန်း၌ ရိက္ခာဆန်များ စုပုံထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဧဒင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသော တွဲဖက်အခြေခံပညာ အထက်တန်း ကျောင်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သစ်ဆိမ့်ကျောင်းတိုက် ဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဘုန်းကြီးကျောင်းတွင် ယာယီစာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုပြီး ကျောင်းစာသင်ခုံ ပြုပြင်ရန်အတွက် ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒေးဒရဲမြို့သို့ရောက်ရှိပြီး ပြည်သူ့ဆေးရုံရှိ သံဃာတော်များကုသဆောင်၊ မွေးလူနာခန်းနှင့် ဆေးရုံဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုနှင့် သားဖွားမီးယပ်ဆောင်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ် ရှမ်းကန်ကျေးရွာ အထက်တန်းကျောင်းခွဲ ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

ကျွန်းနံ့သာ-အရှင်နန္ဒသိရီ ဦးဆောင်သောအဖွဲ့ လေဘေးသင့်ပြည်သူများအား စတုတ္ထအကြိမ်သွားရောက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၀

ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ-အရှင်နန္ဒသိရီ ဦးဆောင်၍ တပည့်သံဃာ၊ ဒါယကာနှင့် ဒါယိကာမများက လေဘေးသင့်ပြည်သူများအား စတုတ္ထအကြိမ်အဖြစ် ဇူလိုင် ၆ ရက်က ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် မိချောင်းအိုင်ကျေးရွာ၊ တပေဖျားကျေးရွာ၊ မြလေးစုကျေးရွာ၊ ဦးရွှေရိုးကျေးရွာ၊ ဘုရားငုတ်တိုကျေးရွာ၊ ရွာသာအေးကျေးရွာ၊ ပျဉ်ထောင်စုကျေးရွာ၊ တပေ(အမက)၊ ဦးရွှေရိုး(အလက)၊ မိချောင်းအိုင်(အလက)နှင့် ဒေးဒရဲမြို့ပေါ်ရှိ အိမ်ထောင်စုအချို့ စုစုပေါင်း အိမ်ထောင်စု ၁၃၀၀ ခန့်နှင့် ကလေးသူငယ် ကျောင်းသူ၊ ကျောင်းသားတို့အတွက် ဆန်အိတ်များ၊ သောက်ရေသန့်၊ အမိုးသွပ်ပြားများ၊ ဘီစကွတ်မုန့်ထုပ်နှင့် မုန့်ဘူးများ၊ ကွေကာအုပ်များ၊ ဖယောင်းတိုင်များနှင့် ဖယောင်းမီးခွက်များ၊ ပြည်တွင်း၊ ပြည်ပဆေးဝါးများ၊ သွားတိုက်ဆေး၊ သွားတိုက်တံများ၊ အိပ်ရာခင်းများ၊ ပြည်တွင်းပြည်ပဖြစ် ဂွမ်းစောင် အရွယ်အစားအမျိုးမျိုး၊ ကတ္တီပါခြုံ တဘက်ကြီးများ၊ စင်ကာပူ တီရှပ်နှင့် ဂျင်းဘောင်းဘီများ၊ သက်ကြီးရွယ်အိုများအတွက် သီးသန့်စီဝိုင်စီ ပိတ်ချောစများ၊ ကလေးကစားစရာအရုပ်၊ ပိပိ ဘောလုံးဆိုက်စုံ၊ ထီး၊ ဖိနပ်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစုံ တန်ဖိုးငွေကျပ် သိန်း ၈၀ နှင့် အလှူငွေကျပ် ၁၀ သိန်းတို့ကို သွားရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

ဆရာတော် ကျွန်းနံ့သာ-အရှင်နန္ဒသိရီသည် ဩဂုတ် ၁၅ ရက်တွင် ပြင်သစ်နိုင်ငံသို့ သာသနာပြုခရီး ပြန်လည်ကြွမည်ဖြစ်ရာ ပြည်တွင်း၊ပြည်ပ သာသနာပြုကိစ္စနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉၈၆၀၁၄၄၇၊ ၀၉-၅၀၂၀၉၈၄၊ ၀၉ ၉၉၂၇၉၈၉၊ ၀၁-၅၄၈၉၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငမိုးရိပ် သောက်သုံးရေပိုက်လိုင်းသွယ်ယူမှု ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃)ရပ်ကွက်၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသော ငမိုးရိပ်သောက်သုံးရေ ပိုက်လိုင်းသွယ်ယူမှု ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ငမိုးရိပ်သောက်သုံးရေပိုက်လိုင်းသွယ်ယူမှု ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ဗိုလ်မှူးဗထူးလမ်းနှင့် ဗိုလ်မင်းရောင် လမ်းဆုံရှိ မုခ်ဦးရှေ့၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရန်ကုန်တိုင်းအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အသင်းအတွင်းရေးမှူး ဦးဇော်အောင်နှင့် ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ငမိုးရိပ်သောက်သုံးရေပိုက်လိုင်း သွယ်ယူမှု ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး ရေသွယ်ယူရေးကော်မတီဥက္ကဋ္ဌက ပေးအပ်သည့် အသင်းဝင်အဆိုပြုလွှာ အစောင် ၅၀၀ ကို လက်ခံကာ အသင်းဝင် အသိအမှတ်ပြု ကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၃)ရပ်ကွက်သို့ ငမိုးရိပ်သောက်သုံးရေပိုက်လိုင်း သွယ်ယူမှုတွင် ရပ်ကွက်အတွင်းရှိ အိမ်ခြေတစ်ထောင်ကျော် သောက်သုံးရေ ဖူလုံစွာရရှိခဲ့ကြောင်း သိရသည်။

(၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ)မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း အမှူးပြု၍ ငမိုးရိပ်သောက်သုံးရေ ပိုက်လိုင်းအား ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (၁၉)

မဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မဟာစည်ဆရာတော်ကြီး (၁၀၄)နှစ်ပြည့် မွေးနေ့ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၀

(၅၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် ဆွမ်းတော်ကြီးတင်ပွဲကို(၁၃၇၀ပြည့်နှစ်ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ ရက်တွင် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၁၆ ရက် ညနေ ၃ နာရီမှစပြီး ဆွမ်းတော်ကြီးပွဲများလက်ခံ၍ ဝါဆိုလပြည့်နေ့ အရုဏ်တက်ချိန်၌ ဆက်ကပ်လှူဒါန်းပြီး နံနက် ၇ နာရီတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်သည်။

၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (ဇူလိုင် ၂၀ရက်)ညနေ ၅ နာရီ၌ ရွှေတိဂုံစေတီတော်ကြီး၌ အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏သက်တော် (၁၀၄) နှစ်ပြည့် မွေးနေ့ပူဇော်ပွဲအဖြစ် ဂုဏ်ကျေးဇူးတော်တို့ကို ရည်စူးပြီး ဆရာတော် သံဃာတော်များနှင့် တပည့်ယောဂီ သူတော်စင်များက ညလုံးပေါက် မီးပူဇော်ခြင်းနှင့် ပန်း၊ ဆီမီး၊ ရေချမ်းများကို ဆက်ကပ်လှူဒါန်းပူဇော်မည် ဖြစ်သည်။

ယောဂီသူတော်စင်အပေါင်းတို့အား ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့တို့မှ ဆွမ်းတော်ကြီးပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် ဝါဆိုသင်္ကန်းများကို ကြွရောက်လှူဒါန်းကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

သဘာဝဘေးဒဏ်၊ တာဝန်မဲ့မီဒီယာနှင့် နိုင်ငံတကာ ဟောကြောင်းများ

လှိုင်အောင်

သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်ပြီဆိုရင် လူတွေအများကြီး ဒုက္ခရောက်ကြရတာပါပဲ။ အထူးသဖြင့် နေအင်အားမတောင့်တင်းတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အကွယ်အကာခိုလှုံရာနဲ့ ကြိုတင်ကာကွယ်ရွှေ့ပြောင်းနိုင်မှု အစီအမံတွေအားနည်းတတ်ကြစမြဲမို့ အထိအခိုက် အပျက်အစီးဆုံးရှုံးမှုတွေ ကြီးမားလေ့ရှိပါတယ်။

ဒီလို သဘာဝဘေးတွေဖြစ်လာတဲ့အခါ ကာယကံရှင်တွေမှာ အတိဒုက္ခရောက်နေကြပေမယ့် သတင်းသမားတွေအတွက်ကတော့ အလွန်ရတောင့်ရခဲ အခွင့်ကောင်းကြီးဖြစ်တာမို့ သဘာဝဘေးဒဏ်ခံစားရတဲ့သတင်းကိုလမ်းပန်းဆက်သွယ်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးစတဲ့ အခက်အခဲအမျိုးမျိုးကြားထဲက မရရအောင် ကြိုးပမ်းပြီး ရှာဖွေရေးသားပေးပို့ကြပါတယ်။ အခြေအနေက ဘယ်လိုမှမပေးတဲ့အခါမျိုးမှာတော့ ရတတ်သမျှ သတင်းအတိုအစတွေကို သဘာဝဘေးအန္တရာယ်ကြုံလာရင် ဖြစ်တတ်တဲ့ သဘာဝတွေနဲ့ ပေါင်းစပ်ပြီး ဖတ်ချင်စရာသတင်းကောင်းတစ်ပုဒ်ဖြစ်အောင် ရေးကြတော့တာပါပဲ။

လူဆိုတာက အကောင်းသတင်းထက် မကောင်းသတင်းကိုပဲ စိတ်ဝင်စားကြလေ့ရှိတော့ သဘာဝဘေးသင့်တဲ့နေရာက အနိဋ္ဌာရုံသတင်းတွေကို ပိုပြီးဦးစားပေး ရှာဖွေရေးသားကြလေ့ ရှိပါတယ်။ ပင်လယ်နဲ့ထိစပ်နေတဲ့ ဒေသမျိုးမှာ မုန်တိုင်းဒဏ်သင့်တဲ့အခါ ပထမဆုံးထွက်လာတဲ့ သတင်းတွေကိုကြည့်လိုက်ရင် လူသေအလောင်းတွေနဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန် အသေကောင်တွေ ရေမှာအစုလိုက်အပြုံလိုက် မျောနေကြတဲ့မြင်ကွင်းနဲ့ ဒီအသေကောင်တွေကြောင့် ကူးစက်ရောဂါပြန့်ပွားမှာ စိုးရိမ်နေရပုံ၊ လူအများစုဟာ အပျက်အစီးပုံတွေကြားထဲမှာ ခိုလှုံစရာမရှိ၊ စားရမဲ့၊ သောက်ရမဲ့ ဘဝနဲ့ ကယ်ဆယ်ရေး အထောက်အပံ့တွေမျှော်နေကြရပေမယ့် ကယ်ဆယ်ရေးအဖွဲ့တွေကတော့ ရောက်မလာသေးလို့ဒုက္ခရောက်နေပုံစတဲ့ သတင်းမျိုးတွေဖြစ်လေ့ရှိပါတယ်။ နောက်ရက် နည်းနည်းကြာလာတဲ့အခါမှာတော့ ကယ်ဆယ်ရေး ရိက္ခာတွေရောက်လာပေမယ့် မလောက်ငလို့ ကလေးတွေအာဟာရချို့တဲ့နေ ကြရတယ်။ မသန့်ရှင်းတဲ့ရေနဲ့ အစုလိုက်အပြုံလိုက် လူတွေနေထိုင်ကြရာက ရေကြောင့်ကူးစက်တတ်တဲ့ ဝမ်းပျက်ဝမ်းလျှောတို့၊ ကာလဝမ်းရောဂါတို့၊ ဦးနှောက်အမြေးပါးရောင်တဲ့ ရောဂါတို့စတဲ့ ကူးစက်ရောဂါတွေ ကပ်အသွင်နဲ့ ဖြစ်စပြုနေပြီ၊ ဒီရောဂါတွေကြောင့် လူတွေထောင်သောင်းချီ သေကြတော့မယ် စသည်ဖြင့် ရေးလေ့ရှိပါတယ်။

သဘာဝဘေးဒဏ်ခံရတဲ့သူတွေဟာ စိတ်ဓာတ်ကျဆင်းပျက်ပြားနေကြပြီး ဘာမှလည်းမလုပ်နိုင် မကိုင်နိုင်၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘာသာမရပ်တည်နိုင်ဖြစ်နေကြတယ်။ ပြည်ပကဆေးဝါးအကူအညီ၊ ကျွမ်းကျင်မှုအကူအညီ၊ လုပ်အားအကူအညီတွေအခုချက်ချင်း အလုံးအရင်းနဲ့ဝင်မလာရင် မရတော့ဘူးစသည်ဖြင့်လည်း ရေးလေ့ရှိပါတယ်။

တကယ်တော့ ဒီအကြောင်းအရာအများစုဟာ ထင်ကြေးနဲ့ရေးကြတာပါ။ လက်တွေ့မှာတော့ ဒီစိတ်ကူး ထင်ကြေးနဲ့ ရေးနေကြတာတွေဟာ ပကတိဖြစ်ရပ်မှန်တွေနဲ့ မကိုက်ညီတဲ့အကြောင်း သဘာဝဘေးအန္တရာယ် ဖြစ်ရပ်တွေကို သေချာလေ့လာဆန်းစစ်ထားတဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ အင်တာနက်ဝက်ဘ်ဆိုက်ထဲက စိတ်ကူးအထင်နဲ့ ပကတိဖြစ်အင် (Myth Vs Reality)ဆိုတဲ့ စာမျက်နှာမှာ အဲဒီလိုထင်ကြေးနဲ့မှန်းဆတာတွေဟာ အဖြစ်မှန်နဲ့ကွဲလွဲနေကြောင်း တစ်ချက်ချင်းထုတ်ပြီး ရှင်းပြထားတာတွေ့ရပါတယ်။

ပထမအချက်ကတော့ အသေကောင်ဥတုဇရုပ်ကလာပ်တွေကနေတစ်ဆင့် ကူးစက်ရောဂါတွေ ပြန့်ပွားနိုင်တယ်ဆိုတဲ့ အချက်ဟာ မမှန်ဘူးလို့ဆိုပါတယ်။

ဒုတိယအချက်ကတော့ သဘာဝကပ်ဘေးဆိုက်ပြီဆိုတာနဲ့ ကူးစက်ရောဂါတွေလည်း မလွဲမသွေ နောက်ကလိုက်လာတော့တာပဲဆိုတာ မဟုတ်ပါဘူးလို့ဆိုပါတယ်။ အဓိကအရေးကြီးတာကတော့ တစ်ကိုယ်ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိန်းသိမ်းနိုင်မှုနဲ့ လူထုကိုအသိပညာပေးနိုင်မှုတို့ဖြစ်တယ်လို့ WHO က ဆိုပါတယ်။

နောက်တစ်ချက်က နိုင်ငံခြားက ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးအဖွဲ့တွေမလာလို့ မဖြစ်ဘူးဆိုတာမှာလည်း ယေဘုယျအားဖြင့် သက်ဆိုင်ရာ ဒေသန္တရလူ့အဖွဲ့အစည်းဟာ ရှေးဦးအသက်ကယ်ပြုစုကုသမှုတွေကို လုပ်ထားနိုင်ပြီးဖြစ်ကြလို့ ဒေသတွင်းကမရနိုင်ဘဲ အမှန်တကယ်လိုအပ်တဲ့ အထူးကုတွေလောက်ပဲ နောက်ဆက်တွဲကုသမှုတွေမှာ လိုအပ်ပါတယ်လို့ဆိုပါတယ်။

နိုင်ငံတကာအကူအညီ အထောက်အပံ့တွေဟာ ဘာပဲဖြစ်ဖြစ် ရနိုင်သမျှချက်ချင်းပို့ဆောင်ပေးဖို့ လိုတယ်ဆိုတာလည်း မဟုတ်ပါဘူးလို့ WHO က ဆိုပါတယ်။ လိုအပ်ချက်အခြေအနေတွေကို ဘာမှမစိစစ်မသုံးသပ်ဘဲ အလျင်စလိုအလောတကြီးနဲ့ ရှိသမျှအကူအညီပစ္စည်းတွေကို တွန်းပို့တာဟာ ရှုပ်ထွေးမှုတွေကိုပဲဖြစ်စေတယ်လို့ WHO က ထောက်ပြထားပါတယ်။ အမှန်တကယ်လိုအပ်ချက်တွေကို လေ့လာစိစစ်ပြီးမှ အကူအညီပေးတာပိုကောင်းတယ်လို့ဆိုပါတယ်။

သဘာဝဘေးဒဏ်သင့်လူထုဟာ အရမ်းကြောက်လန့်တုန်လှုပ်ပြီး အားကိုးရာမဲ့ဖြစ်နေကြလို့ ကိုယ့်ကိုယ်ကိုယ်ရှင်သန်ရပ်တည်ဖို့တောင် မတတ်နိုင်တော့ဘူးဆိုတာလည်း တကယ့်အဖြစ်မှန်နဲ့ ပြောင်းပြန်ပဲလို့ ဆိုပါတယ်။ တကယ်တမ်းကျတော့ လူတွေဟာ 'အရေးကြုံသက်လုံကောင်း' ဆိုတာလို နင်လား ငါလား အရေးအကြောင်းနဲ့ ကြုံရတဲ့အခါ ရှိသမျှအားတွေမာန်တွေကို ညှစ်ထုတ်ပြီး ကျော်လွှားရုန်းကန်ကြစမြဲပါပဲတဲ့။

ဒါတွေဟာ WHO က ရှင်းလင်းထားတဲ့ အချက်ပေါင်းများစွာထဲက တချို့ပဲဖြစ်ပါတယ်။ ဒီလုပ်ကြံရေးသားတဲ့ အချက်တွေဟာ အမှန်မဟုတ်သော်လည်း သဘာဝကပ်ဘေးဆိုက်တဲ့အခါတိုင်းမှာ သတင်းအဖြစ်အမြဲပါနေတတ်ကြတဲ့ အကြောင်းအရာတွေပါ။ အခု မြန်မာနိုင်ငံမှာ ဖြစ်ခဲ့တဲ့ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းမှာမှ မဟုတ်ပါဘူး။ ၁၉၉၁ခုနှစ်က လူတစ်သိန်းခွဲလောက်သေဆုံးခဲ့ရတဲ့ ဘင်္ဂလားဒေ့ရှ်မုန်တိုင်းဘေး၊ ၁၉၉၉ခုနှစ်က လူသုံးထောင်ကျော်သေဆုံးခဲ့ရတဲ့ အိန္ဒိယနိုင်ငံက ဩရိသမုန်တိုင်းဘေးတွေတုန်းကလည်း ဒီလိုပဲပြောခဲ့ကြတာပါပဲ။

ဘင်္ဂလားဒေ့ရှ်မုန်တိုင်းတုန်းက "ပိန်ပိန် လှီလှီ မျက်တွင်းဟောက်ပက်နဲ့ ကလေးတွေက သောက်ရေသန့်နဲ့ စားနပ်ရိက္ခာတွေများရမလားဆိုပြီး ပုံးလွတ်ခွက်လွတ်တွေနဲ့ ထိုင်စောင့်နေကြပေမယ့် ဘယ်သူမှ ပေါ်မလာကြဘူး၊ နိုင်ငံတကာ အကူအညီတွေ အလုံးအရင်းနဲ့ ဝင်မလာဘူးဆိုရင် ထောင်သောင်းချီတဲ့ အသက်ရှင်ကျန်ရစ်သူတွေလည်း မကြာခင်သေကုန်ကြတော့မှာပဲ" ဆိုပြီး ရေးခဲ့ကြသလို အိန္ဒိယမုန်တိုင်းကျတော့လည်း "မုန်တိုင်းပြီးလို့ လေးငါးရက်လောက်ကြာတာတောင်မှ ကူမယ့်ကယ်မယ့်သူတွေ ပေါ်မလာလို့ လေဘေးဒုက္ခသည်တွေဟာဘာမှ မစားရဘဲ ဒီအတိုင်းနေခဲ့ကြရတယ်၊ ရေတောင်သောက်စရာမရှိလို့ ပင်လယ် ရေငန်တွေကို သောက်နေခဲ့ကြရတယ်" ဆိုတာမျိုးတွေ ရေးခဲ့ကြတာပါပဲ။

အဲဒီလိုပဲ မကြာခင်ရောဂါဆိုးတွေဖြစ်တော့မယ်ဆိုတာမျိုး၊ အစိုးရတွေက စီမံခန့်ခွဲမှုညံ့ဖျင်းတယ်၊ နိုင်ငံတကာအကူအပံ့တွေကို အလွဲသုံးစားလုပ်တယ်ဆိုတာမျိုး၊ သီးနှံစိုက်ခင်းတွေ ပျက်စီးသွားလို့ နောက်နှစ်တွေမှာ အငတ်ဘေးဆိုက်တော့မယ်ဆိုတာမျိုးတွေဟာ အဲဒီသဘာဝကပ်ဘေးအားလုံးမှာ သတင်းအဖြစ်ပါခဲ့ကြတာချည်းပါပဲ။

တကယ်တမ်းဆိုရင် မီဒီယာသမားတိုင်း လက်ကိုင်ထားကြရတဲ့ ကျင့်ဝတ်တွေထဲမှာ မျှမျှတတ ဘက်မလိုက်ဘဲရေးသားမှု၊ တိကျမှန်ကန်မှု၊ စိတ်ချယုံကြည်ရမှု၊ ရိုးသားမှုဆိုတာတွေပါဝင်ပြီးသားဖြစ်ပါတယ်။ သတင်းတစ်ပုဒ်ရဲ့ တန်ဖိုးဆိုတာအဓိကအားဖြင့်တော့ မှန်ကန်မှုပဲဖြစ်ပါတယ်။ မမှန်သတင်းဆိုတာ တကယ်တော့ သတင်းကို မဟုတ်တော့ပါဘူး။ လုပ်ကြံ လိမ်ညာမှု အတင်းအဖျင်းသာ ဖြစ်သွားပါတယ်။ လူစိတ်ဝင်စားမှု၊ စာဖတ်သူတွေရဲ့ စိတ်ခံစားချက်ကို နှိုးဆွနိုင်မှုနဲ့ သတင်းလက်ဦးမှုတွေဟာ အရေးကြီးပေမယ့် သတင်းတစ်ခုရဲ့ တကယ့်အနှစ်သာရတော့ မဟုတ်ပါဘူး။

သို့သော်လည်း သတင်းစာ၊ ဂျာနယ်ဆိုတာ ဖတ်သူတွေအပေါ်မှာ စီးပွားရေးအရ မှီတည်နေရတာဖြစ်တဲ့အတွက် လူဖတ်များဖို့က အဓိကဖြစ်နေပါတယ်။ ဒါကြောင့် ဖတ်သူတွေက ကပ်ဘေးဆိုက်တဲ့ ဒေသမှ ဒုက္ခရောက်နေကြတာကို ကြည့်ချင်၊ မြင်ချင်၊ သိချင်ကြတယ်ဆိုရင် မှန်တာမမှန်တာအပထား ဒုက္ခခံစားနေရတာကို ဇောင်းပေးပြီး ရေးကြတော့တာပါပဲ။

ဒီလိုရေးတဲ့နေရာမှာ ဒုက္ခခံစားနေရတဲ့ ကပ်ဘေးသင့်ဒေသတွေသွားဖို့ဆိုတာက လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ၊ တခြားကန့်သတ်ချက်တွေအမျိုးမျိုးရှိနေတတ်ပါတယ်။ အဲဒီအခါမှာ ဒီလိုသဘာဝကပ်ဘေးတွေဆိုက်ရင် ဖြစ်လေ့ဖြစ်ထရှိတာတွေကို ထင်ကြေးနဲ့ ပေါင်းစပ်ပြီးတော့ ယုတ္တိယုတ္တာရှိတဲ့ သတင်းအစအနလေးတွေရသလောက်နဲ့တွဲပြီး ပရိသတ်တွေရဲ့ စိတ်နှလုံးကို ထိခိုက်စေမယ့် စိတ်ကူးသတင်းမျိုးကို ဖန်တီးတော့တာပါပဲ။

ဒီစိတ်ကူး သတင်းဇာတ်လမ်း ဆိုတာမျိုးတွေက အရေးကောင်းရင် ပူလစ်ဇာဆုတွေဘာတွေတောင်မှ ရတတ်ကြသေးတာပါ။ ၁၉၈၀ခုနှစ်က ဝါရှင်တန်ပို့စ် သတင်းစာမှာ သတင်းထောက် ဂျဲနက်ကွတ် ရေးခဲ့တဲ့ ဘိန်းဖြူကျေးကျွန်ဖြစ်ခဲ့တဲ့ ကလေးတစ်ယောက်ရဲ့ သတင်းဆိုရင် ပူလစ်ဇာဆုရပြီးမှ 'အင်' ကြီးမှန်းသိလို့ အရှက်ကွဲခဲ့ဖူးပါတယ်။ ကမ္ဘာမှာ အခြားနာမည်ကြီးတဲ့ တိုင်း(မ်)မဂ္ဂဇင်းတို့၊ နယူးယောက်တိုင်းသတင်းစာတို့ဆိုရင်လည်း လုပ်ကြံဓာတ်ပုံတွေ၊ ခိုးချသတင်းတွေ၊ လုပ်ကြံအင်တာဗျူးတွေနဲ့ နာမည်ပျက်ခဲ့ကြဖူးပြီဖြစ်ပါတယ်။

အခုမြန်မာပြည်မှာ နာဂစ်မုန်တိုင်းဖြစ်ပြီးတော့လည်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဇိမ်နဲ့ထိုင်နေတဲ့ နယူးယောက်တိုင်း သတင်းထောက်ဆိုသူက လေဘေးသင့်ဒေသဖျာပုံ၊ ကော့မှူး၊ ဒေးဒရဲစတဲ့ မြို့နယ်တွေရဲ့ အစွန်အဖျားကျေးရွာတွေက လယ်သမားတွေ စားစရာမရှိလို့ ငတ်နေတဲ့အကြောင်း၊ ဝမ်းရောဂါတွေဖြစ်နေတဲ့အကြောင်း စသည်ဖြင့် အနိဋ္ဌာရုံသတင်းတွေကို ဘယ်ရွာက ဘယ်သူကပြောပါတယ်ဆိုတာမျိုးတွေနဲ့ ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ ဒီလုပ်ရပ်တွေဟာ မှန်ကန်မှုအတိုင်းအတာ ဘယ်လောက်အထိရှိမလဲဆိုတာ စဉ်းစားဖို့တောင်မလိုတော့ပါဘူး။

သတင်းသမားတစ်ယောက်ဟာ သတင်းဖြစ်ရပ်မှန်ကို ရယူထုတ်ပြန်တယ်ဆိုတာတောင်မှ ဒီသတင်းနဲ့ပတ်သက်တဲ့ကာယကံရှင်တွေအပေါ်မှာ လူမှုရေးအရ တာဝန်ရှိနေတယ်ဆိုတာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ မိမိရဲ့သတင်းဟာလူများစုအတွက် အကျိုးစီးပွားကိုဖြစ်စေသည့်တိုင်အောင် သက်ဆိုင်သူအုပ်စုတွေရဲ့ ထိုက်သင့်တဲ့ ဂုဏ်သိက္ခာနဲ့ အကျိုးစီးပွားကိုမထိခိုက်စေသင့်ပါဘူး။ တချို့သတင်းသမားတွေကျတော့ သတင်းကောင်းရချင်ဇောနဲ့ မိမိတို့ရဲ့ လူမှု တာဝန်ကို လျစ်လျူရှုတတ်ပါတယ်။

သာဓကတစ်ခုပြရမယ်ဆိုရင် ၁၉၉၄ ခုနှစ်က ဆူဒန်နိုင်ငံမှာအငတ်ဘေးဆိုက်တော့ တောင်အာဖရိကနိုင်ငံက မထင်မရှားသတင်းဓာတ်ပုံသမား ကယ်ဗင်ကာတာရဲ့ သတင်းဓာတ်ပုံကလေးတစ်ပုံဟာ ကမ္ဘာကို တုန်လှုပ်စေခဲ့ပြီး ဓာတ်ပုံ ပူလစ်ဇာဆုလည်းရခဲ့ပါတယ်။ အဲဒီဓာတ်ပုံကတော့ အစာရေစာပြတ်လို့ မွတ်သိပ်ဆာလောင် အားအင်ချည့်နဲ့နေတဲ့ နှစ်နှစ်သုံးနှစ်အရွယ် ကလေးငယ်တစ်ယောက်ဟာ ရိက္ခာဝေစခန်းကို ဒယိမ်းဒယိုင်နဲ့ သွားနေရင်းလဲကျရာက မနိုင့်တနိုင်ကုန်းရုန်းထနေရှာတဲ့ပုံဖြစ်ပြီး နောက်ခံမှာတော့ လင်းတတစ်ကောင်က မြေပြင်မှာနားရင်း သူ့အတွက်အစာများရလာတော့မလားလို့ စောင့်ကြည့်နေတဲ့ပုံဖြစ်ပါတယ်။ ကယ်ဗင်ကာတာဟာ ဒီဓာတ်ပုံရိုက်ခဲ့တဲ့အချိန်မှာ လင်းတကြီး အတောင်ပံဖြန့်နေတဲ့ ပုံကိုလိုချင်လို့ မိနစ် ၂၀လောက် စောင့်ကြည့်နေသေးပြီး လင်းတကလည်းတုတ်တုတ်မျှ မလှုပ်လို့ ဒီပုံကိုရိုက်ခဲ့တာပါ။ ဓာတ်ပုံရိုက်ပြီးတော့လည်း ခိုကိုးရာမဲ့ဒီကလေးငယ်ကိုဘာတစ်ခုမှ ကူညီမပေးဘဲ သစ်ပင်တစ်ပင်အောက်မှာ သွားထိုင်ပြီးတော့ဆေးရှူနေသေးတယ်လို့ဆိုပါတယ်။ သနားစရာကလေးငယ်ခမျာတော့ တုန်တုန်ချည့်ချည့်နဲ့ သွားလိုက်လဲကျလိုက်နဲ့ ရိက္ခာဝေတဲ့စခန်းကို ရောက်သွားရှာလေရဲ့လားတော့ ဘယ်သူမှ မသိကြပါဘူး။ အဲဒီဓာတ်ပုံကို နယူးယောက်တိုင်းသတင်းစာကြီးက ဝယ်ယူပြီး သတင်းဓာတ်ပုံအဖြစ် ထည့်လိုက်တဲ့အခါ ကမ္ဘာကျော်သွားပါတယ်။ ကယ်ဗင်ကာတာလည်း ပူလစ်ဇာဆုရသွားပါတယ်။

သူ့ကိုချီးကျူးကြတဲ့သူတွေရှိသလို သေလုဆဲဆဲကလေးငယ်ကို ဥပေက္ခာပြုပြီး ကိုယ့်ဓာတ်ပုံ ကောင်းကောင်းရရေးအတွက်ပဲ လုပ်ခဲ့တာ ဓာတ်ပုံနောက်ခံမှာပါတဲ့ လင်းတထက်တောင် ဆိုးဝါးရက်စက်သေးတယ်ဆိုပြီး ရှုတ်ချပြစ်တင်ကြသူတွေလည်း အများကြီးရှိလာပါတယ်။ ကာတာဟာ ပူလစ်ဇာဆုရလိုက်ပေမယ့် စိတ်ဓာတ်ကျဆင်းပြီးတော့ သိပ်မကြာခင်မှာပဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့ပါတယ်။

ဒီသဘာဝဘေးဒဏ် ခံစားရတဲ့သတင်းတွေကို ရေးသားထုတ်လွှင့်ကြတဲ့နေရာမှာလည်း သတင်းသမားတွေမှာ လူမှုတာဝန်တွေရှိနေတယ်ဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။ အစိုးရတစ်ခု၊ နိုင်ငံတစ်ခုကို အထင်သေးအမြင်သေးနဲ့အပြစ်တင်ရှုတ်ချချင်လို့ အနိဋ္ဌာရုံတွေကို မရမကရှာကြံဖော်ထုတ်ပြီးရိုက်တယ်၊ ရေးတယ်ဆိုရင်အမှန်တရားနဲ့ဝေးသွားမှာဖြစ်ပြီး အမှန်တကယ်ကူညီထောက်ပံ့ချင်တဲ့ အလှူရှင်တွေရဲ့သဒ္ဓါစိတ်ကို ထိခိုက်လျော့ပါးသွားစေမယ်ဆိုရင် သဘာဝဘေးဒဏ်သင့် ပြည်သူတွေရဲ့ အကျိုးကိုထိခိုက်စေမှာဖြစ်ပါတယ်။ မဟုတ်တာတွေကို အဟုတ်လုပ်ပြီး လုပ်ကြံသတင်းတွေပါဖန်တီးထုတ်လွှင့်လာတယ်ဆိုရင်တော့ ဒါဟာလူမဆန်တဲ့ တာဝန်မဲ့သတင်းသမားတွေပဲလို့ ဆိုသင့်ပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဘေးမှာတော့ ဒီလို တမင်သက်သက် မကောင်းတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ကြံဖန်တီးခဲ့တဲ့သတင်းတွေ၊ ဓာတ်ပုံတွေ၊ ဗီဒီယိုမှတ်တမ်းတွေ အများအပြား ပေါ်ထွက်ခဲ့တာ အားလုံးအသိပါပဲ။ ဒီလို လုပ်ကြံသတင်းမှတ်တမ်းတွေ ထွက်လာရတာဟာ သဘာဝဘေးဒဏ်ကြောင့်သွားရေးလာရေးခက်လို့၊ အစိုးရက နိုင်ငံတကာသတင်းသမားတွေကို ဝင်ခွင့်ပိတ်ထားလို့စသည်ဖြင့် အကြောင်းပြကြပေမယ့် တကယ်တော့ မသမာတဲ့ရည်ရွယ်ချက်ရှိရှိနဲ့ အဆိုးမြင်ဘက်လိုက်သတင်းတွေကိုပဲ ရှာကြံဖန်

တီးရယူသွားကြတာပါ။ အနောက်နိုင်
လွှင့်တဲ့ အသံလွှင့်သတင်းဌာနတွေမှာ
တဲ့ အသံလွှင့်ဌာနတွေမှာပါ မြန်မာ
လှုပ်ရှားပြီးထွက်ပြေးသွားခဲ့ကြလို့ ပြ
ပြေးနိုင်ငံရေးအချောင်သမားတွေက
အလုပ်လုပ်နေကြမှတော့ ဘယ်လိုမျ
ရေးနိုင်တော့မှာလဲ၊ ပြည်တွင်းက
ပေါင်းပြီးမကောင်းသတင်းတွေကိုပဲ
သူတို့ရဲ့သတင်းတွေကို မြေပြင်
သိထားကြတဲ့ မြန်မာပြည်သူအများစုက
မြန်မာပြည်အကြောင်းဘာမှမသိကြတဲ
ဟာ အတိုင်းအတာတစ်ခုအထိ အ
အခွင့်ကောင်းယူပြီး တောမီးလောင်ချိ
မောင်းခတ်ကြတော့တာပါပဲ။ "သိန်းနဲ့
သင့်ဒုက္ခသည်တွေကိုလျစ်လျူရှုပြီး
အတင်းပိတ်ထားတဲ့အတွက် အစုလို
ဖြတ်မှုကိုကျူးလွန်တာဖြစ်တယ်။ ဒါ
တကာခုံရုံးတင်သင့်တယ်၊ လူသားချင်း
အတင်းအကျပ်အင်အားသုံး ဝင်ရောက်
စုံနေတာပါပဲ။ တကယ်တော့ လေဘေ
ခံစားရမှုကို ခုတုံးလုပ်ပြီး အနောက်အ
တချို့က သူတို့ကိုယ်သူတို့ မဟာက
နိုင်ငံရေးအမြတ်ထုတ်သွားကြတာဖြစ်
တကယ်တော့ လူသားချင်းစာန
တွင်ကြီး ကျယ်ကျယ်လောင်လောင်အ
ဆိုတဲ့ နိုင်ငံကြီးအများစုဟာ လက်တွေ့
တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် ကူညီ
သလောက်ပဲရှိတာပါ။
အာဖရိကမှ အငတ်ဘေးဆိုက်
ထားခဲ့ကြပုံကို လန်ဒန်အခြေပြု Oxfa
ရေးမှူး John Harmmond ထော
လေးထိမိပါတယ်။ ကမ္ဘာ့အင်အားအ
တိုက်ဖို့ဆိုရင် ငွေဘယ်လောက်ပဲလိုလို
တယ်၊ အာဖရိကမှာ အငတ်ဘေးဆို
ရန်ပုံငွေရှာနိုင်စွမ်းမရှိဘူးလို့ သူက
၁၉၉၁ခုနှစ် ဘင်္ဂလားဒေ့ရှ်လေမု
ဒေ့ရှ်အစိုးရက အရေးပေါ် အကူအည
လိုပါတယ်လို့ နိုင်ငံတကာကို အကူအ
ပေးကြပါရဲ့ ဒါပေမယ့် မဖြစ်စလော
က ဒေါ်လာ ၁၅ သန်း၊ အမေရိကန်က
ဂျပန်ကနှစ်သန်းခွဲ၊ ပြင်သစ်ကတေ
စသည်ဖြင့် ပေးကြတာဖြစ်ပါတယ်။
အဲဒီကာလ(၁၉၉၁)မှာ ပင်လယ်
တစ်ရက်မှာကိုပဲ အမေရိကန်က
၄၃ရက်ကြာ လေကြည်းစစ်ဆင်မှုမှာ
စုစုပေါင်းစစ်ပွဲအသုံးစရိတ် ဒေါ်လာ
တယ်။ အဲဒီမှာ မဟာမိတ်တွေကပါ
ကန်ကတောင်းဆိုတော့ ဂျပန်က
ဂျာမနီက ဒေါ်လာ ၆ ဒသမ ၆ ဘီလီ
သန်း ၂၅၀ စသည်ဖြင့် ထည့်ဝင်ကြပ

တကယ်တမ်
ကျင့်ဝတ်တွေထဲမှာ
စိတ်ချယုံကြည်ရမှု၊
တစ်ပုဒ်ရဲ့ တန်ဖိုးဆ
မမှန်သတင်းဆိုတာ
လုပ်ကြံလိမ်ညာမှု
စာဖတ်သူတွေရဲ့ စိ
အရေးကြီးပေမယ့်
ဘူး။

တီးရယူသွားကြတာပါ။ အနောက်နိုင်ငံအစိုးရတွေက တာဝန်ယူ ထုတ်လွှင့်တဲ့ အသံလွှင့်သတင်းဌာနတွေမှာရော၊ နောက်ကွယ်ကကြိုးဆွဲထားတဲ့ အသံလွှင့်ဌာနတွေမှာပါ မြန်မာနိုင်ငံကနေ အစိုးရကိုဆန့်ကျင်လှုပ်ရှားပြီးထွက်ပြေးသွားခဲ့ကြလို့ ပြည်ပကိုရောက်သွားခဲ့ကြတဲ့ ပြည်ပြေးနိုင်ငံရေးအချောင်သမားတွေက အုပ်လိုက်သင်းလိုက်ဝင်ပြီး အလုပ်လုပ်နေကြမှတော့ ဘယ်လိုများ ဘက်မလိုက်တဲ့ သတင်းမျိုးကို ရေးနိုင်တော့မှာလဲ၊ ပြည်တွင်းက သူခိုးဓားရိုးကမ်းချင်တဲ့သူတွေနဲ့ ပေါင်းပြီးမကောင်းသတင်းတွေကိုပဲ ရေးသားဖန်တီးကြတော့မှာပါပဲ။

သူတို့ရဲ့သတင်းတွေကို မြေပြင်အခြေအနေမှန်၊ ဖြစ်ရပ်မှန်တွေ သိထားကြတဲ့ မြန်မာပြည်သူအများစုကတော့မယုံကြပါဘူး။ ဒါပေမယ့် မြန်မာပြည်အကြောင်းဘာမှမသိကြတဲ့ ပြည်ပမှာတော့ ဒီသတင်းတွေဟာ အတိုင်းအတာတစ်ခုအထိ အဆိုးမြင်သွားစေခဲ့ပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး တောမီးလောင်ချိန်မှာတောကြောင်တွေက လက်ခမောင်းခတ်ကြတော့တာပါပဲ။ "သိန်းနဲ့ချီပြီး ဒုက္ခရောက်နေတဲ့လေဘေးသင့်ဒုက္ခသည်တွေကိုလျစ်လျူရှုပြီး နိုင်ငံတကာအကူအညီတွေကို အတင်းပိတ်ထားတဲ့အတွက် အစုလိုက်အပြုံလိုက်သေစေတဲ့ လူမျိုးဖြုတ်မှုကိုကျူးလွန်တာဖြစ်တယ်။ ဒါကြောင့်မို့ မြန်မာအစိုးရကို နိုင်ငံတကာခုံရုံးတင်သင့်တယ်၊ လူသားချင်းကာကွယ်ပေးရေးတာဝန်ရှိမှုအရ အတင်းအကျပ်အင်အားသုံး ဝင်ရောက်စွက်ဖက်သင့်တယ်" စသည်ဖြင့် စုံနေတာပါပဲ။ တကယ်တော့ လေဘေးသင့် မြန်မာပြည်သူတွေရဲ့ ဒုက္ခခံစားရမှုကို ခုတုံးလုပ်ပြီး အနောက်အုပ်စုနိုင်ငံတွေက နိုင်ငံရေးသမားတချို့က သူတို့ကိုယ်သူတို့ မဟာကရုဏာရှင်ကြီးတွေအသွင် ယူပြီး နိုင်ငံရေးအမြတ်ထုတ်သွားကြတာဖြစ်ပါတယ်။

တကယ်တော့ လူသားချင်းစာနာထောက်ထားမှုဆိုတာကို တွင်တွင်ကြီး ကျယ်ကျယ်လောင်လောင်အသံကောင်းဟစ်နေကြတဲ့ ဖွံ့ဖြိုးပြီးဆိုတဲ့ နိုင်ငံကြီးအများစုဟာ လက်တွေ့မှာ သဘာဝဘေးဒဏ်ခံစားကြရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအပေါ် ကူညီတာဟာ ဆင်ပါးစပ်နှမ်းပက်သလောက်ပဲရှိတာပါ။

အာဖရိကမှ အငတ်ဘေးဆိုက်တော့ နိုင်ငံကြီးတွေက ဥပေက္ခာပြုထားခဲ့ကြပုံကို လန်ဒန်အခြေပြု Oxfam အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး John Harmmond ထောက်ပြခဲ့တာလေးဟာ အတော်ကလေးထိမိပါတယ်။ ကမ္ဘာ့အင်အားအကြီးဆုံး အမေရိကန်နိုင်ငံဟာ စစ်တိုက်ဖို့ဆိုရင် ငွေဘယ်လောက်ပဲလိုလို မရရအောင်ရှိတဲ့နေရာက ရှာနိုင်တယ်၊ အာဖရိကမှာ အငတ်ဘေးဆိုက်နေတာကို တိုက်ဖျက်ဖို့တော့ ရန်ပုံငွေရှာနိုင်စွမ်းမရှိဘူးလို့ သူက ပြောခဲ့တာပါ။

၁၉၉၁ခုနှစ် ဘင်္ဂလားဒေ့ရှ်လေမုန်တိုင်းဘေးမှာလည်း ဘင်္ဂလားဒေ့ရှ်အစိုးရက အရေးပေါ် အကူအညီ ဒေါ်လာ ၁ဒသမ ၈ ဘီလီယံလိုပါတယ်လို့ နိုင်ငံတကာကို အကူအညီတောင်းခဲ့ပါတယ်။ ပေးတော့ပေးကြပါရဲ့ ဒါပေမယ့် မဖြစ်စလောက်ပါပဲ။ ဥရောပဘုံအဖွဲ့ (EEC) က ဒေါ်လာ ၁၅ သန်း၊ အမေရိကန်က သန်း ၂၀၊ ဗြိတိန်က ငါးသန်း၊ ဂျပန်ကနှစ်သန်းခွဲ၊ ပြင်သစ်ကတော့ ဒေါ်လာခြောက်သောင်းခွဲ စသည်ဖြင့် ပေးကြတာဖြစ်ပါတယ်။

အဲဒီကာလ(၁၉၉၁)မှာ ပင်လယ်ကွေ့စစ်ပွဲဖြစ်တော့ ပထမဆုံးတစ်ရက်မှာကိုပဲ အမေရိကန်က ဒေါ်လာ သန်း ၆၅၀ သုံးပါတယ်။ ၄၃ရက်ကြာ လေကြောင်းစစ်ဆင်မှုမှာ ဒေါ်လာဘီလီယံ ၈၀ သုံးခဲ့ပြီး စုစုပေါင်းစစ်ပွဲအသုံးစရိတ် ဒေါ်လာဘီလီယံ ၁၀၀ လောက်သုံးခဲ့ပါတယ်။ အဲဒီမှာ မဟာမိတ်တွေကပါ စစ်စရိတ်ထောက်ပံ့ကြဖို့ အမေရိကန်ကတောင်းဆိုတော့ ဂျပန်က ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံ၊ ဂျာမနီက ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံ၊ ဩစတြေးလျက ဒေါ်လာ သန်း ၂၅၀ စသည်ဖြင့် ထည့်ဝင်ကြပါတယ်။

ဒါကြောင့် တာဝန်သိတဲ့ သတင်းစာဆရာ Norm Dixon က "Bangladesh cyclone: Billions for war, a pittance for lives" ဆိုပြီး (၁၅-၅-၉၁)ရက်နေ့က သတင်းဆောင်းပါးတစ်ပုဒ် ရေးခဲ့တာဖြစ်ပါတယ်။ "ဘင်္ဂလားဒေ့ရှ်ဆိုင်ကလုန်း၊ စစ်အတွက် ဘီလီယံများစွာ၊ လူ့အသက်တွေကယ်ဖို့တော့ လက်တစ်ဆုပ်စာ"လို့ ဆီလျော်အောင် ဘာသာပြန်နိုင်မယ် ထင်ပါတယ်။

အခုလည်း အီရတ်နဲ့ အာဖဂန်နစ္စတန်မှာ အင်အားကြီးနိုင်ငံတွေက ဒေါ်လာဘီလီယံပေါင်းရာနဲ့ချီပြီး သုံးစွဲနေကြတာပါ။ နာဂစ်မုန်တိုင်းဘေးအတွက်ရော---?

စေတနာနဲ့ပေးကြတာကို သဒ္ဓါတတ်အားနည်းများမဆို ဝမ်းမြောက်ကြည်ဖြူစွာ မြန်မာပြည်သူတွေက လက်ခံလျက်ရှိကြပါတယ်။ ဒါပေမယ့် ဒါတွေကိုထုတ်ပြောရတာ မြန်မာတွေ 'မအ' ကြောင်း သိစေချင်လို့သာ ဖြစ်ပါတယ်။ ကျေးဇူးမသိတတ်လို့မဟုတ်ပါ။ နိုင်ငံကြီးတွေရဲ့ သဘာဝကိုပြောပြချင်တာပါ။

နိုင်ငံတိုင်းလိုလို ကိုယ့်အရေးကိစ္စနဲ့ကိုယ် အရေးကြီးနေကြတဲ့အချိန်မှာ လူလူချင်းစာနာမှုနဲ့ လာရောက်လှူဒါန်းခဲ့ကြလို့၊ လေဘေးသင့်ပြည်သူတွေ အမိုးအကာမရှိ စားစရာမရှိဖြစ်နေခဲ့ရတဲ့ မုန်တိုင်းပြီးစကာလမှာ ရွက်ဖျင်တဲနဲ့ နေနိုင်၊ ခေါက်ဆွဲခြောက်နဲ့ သောက်ရေသန့်ဘူးတွေနဲ့ စားသောက်ရှင်သန်ရပ်တည်နိုင်ခဲ့ကြတဲ့ ကျေးဇူးကို မြန်မာပြည်သူတွေ ဘယ်တော့မှ မေ့ကြမှာမဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် ကာလကြာရှည်လာတာနဲ့အမျှ ကိုယ့်ခြေထောက်ပေါ် ကိုယ်ပြန်ရပ်တည်နိုင်ဖို့ ကိုယ့်အားကိုယ်ကိုး ကြိုးစားသွားကြရမှာပါ။

အခုဆိုရင် နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်သားတွေ ညီညီညွတ်ညွတ် စုပေါင်းလုပ်ဆောင်ကြမှုကြောင့် -

ဓမ္မာရုံ၊ ဘုရားတန်ဆောင်း၊ ဘုန်းကြီးကျောင်းတွေမှာ စုပြုံမှီခိုနေခဲ့ကြရတဲ့ ဒုက္ခသည်တွေဘဝကနေ သွပ်မိုးဖွေးဖွေး အိမ်တန်းကလေးတွေနဲ့ ဖြစ်လာကြပါပြီ။

သဲဖုံး၊ နုန်းတင်၊ ရေငန်ဝင်ခဲ့တဲ့လယ်မြေတွေမှာလည်း လယ်ယာ-၁၆ စတဲ့လက်တွန်းထွန်စက်ကလေးတွေ အစီအရီနဲ့ ထွန်ရေးငင်နေကြပါပြီ။

လုပ်ကိုင်စားသောက်စရာ ပိုက်ရောလှေပါဆုံးခဲ့လို့ ယူကျုံးမရစိတ်ညစ်နေကြတဲ့ ရေလုပ်သားတွေလည်း ပိုက်သစ်၊ လှေသစ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် လုပ်ငန်းခွင်ဝင်နိုင်ကြပါပြီ။

လေဒဏ်ကြောင့် ပျက်စီးသွားရတဲ့ စာသင်ကျောင်းတွေလည်း ပြန်လည်ပြင်ဆင်တည်ဆောက်ပြီးကြလို့ စာအံသံတွေလည်းညံညံစည်စည်လွင် နိုင်ကြပါပြီ။

ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည် ကောင်းစားမှာကို မနာလို၊ ကောင်းသတင်းဆို မကြားလိုကြတဲ့ ပထွေးမျှော်သူတွေက ဘာတွေပဲပြောနေနေ -

'မုန်တိုင်းတစ်ချက်- တိုင်းပြည်အပျက်ပဲဟ'ဆိုပြီး ဝမ်းသာအားရနဲ့ လက်ခမောင်းထခတ်နေကြတဲ့ တောကြောင်တွေက ဘာတွေပဲကြံစည်နေနေ -

"အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ဉာဏ်ဖြင့်နှင်လော့။"

ဆိုတဲ့- ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ဩဝါဒနဲ့အညီ မြန်မာပြည်သူတစ်ရပ်လုံးက နိုင်ငံအကျိုး၊ အများအကျိုးအတွက် တက်ညီလက်ညီ ဦးလည်မသုန် စွမ်းအားကုန်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ဆက်လက် ကြိုးပမ်းသွားကြမှာသာ ဖြစ်ပါတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။ ။

တကယ်တမ်းဆိုရင် မီဒီယာသမားတိုင်း လက်ကိုင်ထားကြရတဲ့ ကျင့်ဝတ်တွေထဲမှာ မျှမျှတတ ဘက်မလိုက်ဘဲရေးသားမှု၊ တိကျမှန်ကန်မှု၊ စိတ်ချယုံကြည်ရမှု၊ ရိုးသားမှုဆိုတာတွေပါဝင်ပြီးသား ဖြစ်ပါတယ်။ သတင်းတစ်ပုဒ်ရဲ့ တန်ဖိုးဆိုတာ အဓိကအားဖြင့်တော့ မှန်ကန်မှုပဲဖြစ်ပါတယ်။ မမှန်သတင်းဆိုတာ တကယ်တော့ သတင်းကို မဟုတ်တော့ပါဘူး။ လုပ်ကြံလိမ်ညာမှု အတင်းအဖျင်းသာ ဖြစ်သွားပါတယ်။ လူစိတ်ဝင်စားမှု၊ စာဖတ်သူတွေရဲ့ စိတ်ခံစားချက်ကို နှိုးဆွနိုင်မှုနဲ့ သတင်းလက်ဦးမှုတွေဟာ အရေးကြီးပေမယ့် သတင်းတစ်ခုရဲ့ တကယ့်အနှစ်သာရတော့မဟုတ်ပါဘူး။

၂၀၀၈ခုနှစ် မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု

မြန်မာ့ချည်ထည်၊ ပိုးထည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲနှင့် ဖျော်ဖြေပွဲ ကျင်းပ

မြိတ် ဇူလိုင် ၁၀

မြန်မာ့ချည်ထည်၊ ပိုးထည်ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲနှင့် အနုပညာဖျော်ဖြေပွဲကို ဇွန်၂၈ရက် ည ၇ နာရီတွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သန်းငွေးက အဖွင့်အမှာ စကားပြောကြားသည်။ ယင်းနောက် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသူလေးများက မြန်မာ့ချည်ထည်၊ ပိုးထည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကိုပြသကြပြီး အမျိုးသမီးရေးရာ အဖွဲ့အဆက်ဆက်က အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် ၁၀ သိန်းကို တိုင်းအတွင်းရေးမှူး ဦးသန်းဝင်းကလည်းကောင်း**(အောက်ပုံ)**၊ ဦးအောင်ဝင်း-ဒေါ်ခင်နုတို့က အလှူငွေကျပ် ၁၀ သိန်း၊ ဦးလှသန်း-ဒေါ်ခင်သန်းရီ (ပြည့်ဖြိုးထွန်း ကုမ္ပဏီ)က အလှူ ငွေကျပ် ငါးသိန်း၊ ဦးစိုးဝင်း-ဒေါ်ကြင်ဟုန် (ဟိုင်ဖိုင်အမြန်ယာဉ်)က အလှူငွေကျပ်ငါးသိန်း စုစုပေါင်း အလှူငွေကျပ် သိန်း၃၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းငွေးကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်း

နေပြည်တော် ဇူလိုင် ၁၀

ချင်းတွင်းမြစ်ဝှမ်း အထက်ပိုင်း ချင်းတွင်းမြစ်ဖျားဒေသ၌ ဇူလိုင်လဆန်းမှစ၍ ခြောက်ရက်ခန့် မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ခန္တီးမြို့၌ မြစ်ရေတက်လာပြီး ဇူလိုင် ၆ ရက်တွင် စိုးရိမ်ရေမှတ် အထက် ၁၉၉ စင်တီမီတာ (၆ ဒသမ ၅ပေ) ခန့် ကျော်လွန်ခဲ့သည်။

အဆိုပါ မြစ်ရေတက်မှုသည် ခန္တီးမြို့၏ မှတ်တမ်းများအရ လွန်ခဲ့သော ၄၂ နှစ်တာကာလအတွင်း သတ္တမအဆင့်သာရှိပြီး နှစ်စဉ်ကြုံတွေ့နေသည့် သာမန်ရေကြီးခြင်းမျိုးသာဖြစ်ကြောင်း၊ ယခုအခါ ခန္တီးမြို့၌ ချင်းတွင်းမြစ်ရေသည် ပြန်လည်ကျဆင်းနေပြီး ယနေ့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အလားတူ ဟုမ္မလင်းမြို့၌လည်း ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၆ ရက်မှစ၍ စိုးရိမ်ရေမှတ် ကျော်လွန်ကာ ဇူလိုင် ၈ ရက်တွင် အမြင့်ဆုံးရေမှတ်သို့ ရောက်ရှိခဲ့ပြီး စိုးရိမ်ရေမှတ် အထက် ၄ ဒသမ ၄ ပေခန့် ကျော်လွန်ခဲ့ကြောင်း၊ ဟုမ္မလင်းမြို့၏ မှတ်တမ်းများအရ လွန်ခဲ့သော ၄၁နှစ်တာကာလအတွင်း သတ္တမအဆင့်သာရှိကာ နောက် ၄၈ နာရီအတွင်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားမည်ဟု ခန့်မှန်းရကြောင်း သိရသည်။ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်များအထက်၌ တည်ရှိနေပြီး မှတ်တမ်းရယူခဲ့သည့် လွန်ခဲ့သော၄၃နှစ်တာကာလအတွင်း စတုတ္ထအဆင့်ခန့်သာရှိကြောင်း၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့များ၌ ချင်းတွင်းမြစ်ရေမှတ်များသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၂ စင်တီမီတာနှုန်းခန့်ဖြင့် ဆက်လက်မြင့်တက်နေသော်လည်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့၌ ဇူလိုင် ၁၂ရက်မှစ၍ လည်းကောင်း၊ မုံရွာမြို့၌ ဇူလိုင် ၁၃ ရက်မှစ၍ လည်းကောင်း ဆက်လက်မတက်တော့ဘဲ ပြန်လည် ကျဆင်းမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း (၈၃)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ စိုက်ပျိုးသုတ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နှင်းတောင်သူရဲကောင်း အပိုင်း (၈)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပြီးနောက် အပျက်အစီးများကို ဇူလိုင် ၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ ရွှေကြောသစ်တွေ့ရှိ၊ ၁၅ တန်ခန့်ရှိ ရွှေတွင်းတစ်တွင်း ပါဝင်

ပေကျင်း ဇူလိုင် ၈

တရုတ်နိုင်ငံ အမျိုးသားရွှေလုပ်ငန်းအဖွဲ့ ကော်ပိုရေးရှင်း(စီအင်န်ဂျီဂျီစီ) သည် ရွှေကြောသစ်ကို တွေ့ရှိထားကြောင်း၊ ရွှေတွင်းများအနက် တစ်တွင်းသည် ရွှေတန်ချိန် ၁၅ တန် ရှိမည်ဟု ခန့်မှန်းရကြောင်း စီအင်န်ဂျီဂျီစီက ပြောကြားသည်။

ကွမ်စီကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနောက်တောင်ပိုင်း နန်နင်းရွှေသတ္တုတွင်းသည် ၅ တန်ရှိ ရွှေသိုက် ဖြစ်နိုင်ကြောင်း ယခင်က ယူဆထားသည်ဟု တရုတ်နိုင်ငံထုတ်လုပ် ရောင်းဝယ်ရေးအဖွဲ့ကို ဦးဆောင်သူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ မျက်မှောက်ကာလတွင် တရုတ်နိုင်ငံတစ်ဝန်း၌ ပမာဏ ကြီးမားသည့် ရွှေတွင်းပေါင်း ၃၃၀ ရှိပြီး ထိုရွှေတွင်းများမှ နှစ်စဉ် ရွှေ သတ္တုရိုင်း တန် ၁၁၀၀၀ ထုတ်လုပ်လျက်ရှိသည်။

ရွှေတွင်းသစ်များရှာဖွေရေးအတွက် ၂၀၀၈ ခုနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုငွေ ယွမ် ၄၇ဒသမ ၇၅ သန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၆ သန်း)ကို ချထားပေးပြီးဖြစ်သည်ဟု စီအင်န်ဂျီဂျီစီက ထုတ်ပြန်ခဲ့သည်။

တောင်အာဖရိကဒေသသည် ကမ္ဘာတွင် ရွှေအများဆုံးထွက်ရှိသည်။ ယခုနှစ်တွင်တရုတ်နိုင်ငံသည်အမေရိကန်နိုင်ငံကို ဖြတ်ကျော်ပြီး ကမ္ဘာပေါ်တွင် ဒုတိယရွှေအများဆုံး ထွက်ရှိသည့် နိုင်ငံဖြစ်လာသည်။ ၂၀၀၇ ခုနှစ်တွင် ရွှေထွက်ရှိမှုသည် ၂၇၀ဒသမ၄၉၁ တန်ရှိပြီး နှစ်ချင်းအလိုက် ထွက်ရှိနှုန်းနှင့်နှိုင်းယှဉ်လျှင် ၂၀၀၆ခုနှစ်ကထက် ထွက်ရှိ ၁၂ ဒသမ ၆၇ ရာခိုင်နှုန်း ပိုမိုလာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်၌ လေးထပ်အဆောက်အအုံပြိုကျ ကိုးဦးသေဆုံးပြီး အများအပြားဒဏ်ရာရ

အစ္စလမ္မာဘတ် ဇူလိုင် ၈

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ဇူလိုင် ၆ ရက်က လေးထပ်အဆောက်အအုံ ပြိုကျရာ ကိုးဦးသေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရရှိသည်။ အဆိုပါ လေးထပ်အဆောက်အအုံတွင် မိသားစု ခြောက်စု၊ ခုနစ်စု နေထိုင်ကြောင်း၊ အဆောက်အအုံ ပြိုကျရခြင်းမှာအရည် အသွေးမပြည့်မီသည့်ပစ္စည်းများ အသုံးပြု၍ တည်ဆောက်ထားခြင်းကြောင့် ဖြစ်ကြောင်း၊ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ကရာချိဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တမီးလ်ကျားသူပုန်များအား သီရိလင်္ကာလေကြောင်းတပ်ဖွဲ့ချေမှုန်း

ကိုလံဘို ဇူလိုင် ၈

သီရိလင်္ကာလေကြောင်းတပ်ဖွဲ့သည် နိုင်ငံမြောက်ပိုင်းရှိ တမီးလ်ကျားသူပုန်များ စုဝေးနေသည့် နေရာကို ဗုံးကြဲချခဲ့သည်။ ဗုံးကြဲချချိန်မှာ အဖွဲ့နှစ်ဖွဲ့ကြား ပြဿနာများ တင်းမာမှုဖြစ်နေသည့် မွန်းလွဲပိုင်းအချိန်က ဖြစ်သည်။

ကီလီနိုချ်ချီဒေသ ဗာဒါကတ်ချ်ချီနယ်မြေတွင် တမီးလ်ကျားသူပုန်ထိပ်သီးခေါင်းဆောင်များ စုဝေးရောက်ရှိနေသည့်နေရာကို ညနေ ၃နာရီခွဲတွင် ဗုံးကြဲလေယာဉ်က ပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

လေကြောင်းဖြင့် ဝင်ရောက်တိုက်ခိုက်မှုသည် ကြည်းတပ်မှ ပေးပို့လာသောသတင်းကို အခြေခံ၍ ဗုံးကြဲချခဲ့ခြင်းဖြစ်သည်ဟုရင်းတို့ကပြောကြားသည်။

တစ်ချိန်တည်းမှာပင် မန်နာဒေသကာရိုမိုဒိုင်ဒေသတွင် တနင်္ဂနွေနေ့က သီရိလင်္ကာတပ်ဖွဲ့၏ပစ်ခတ်တိုက်ခိုက်မှုကြောင့်တမီးလ်ကျားသူပုန်နှစ်ဦးသေဆုံးခဲ့သည်ဟု ကာကွယ်ရေးဌာန တာဝန်ရှိသူများက ပြောကြားသည်။ အစိုးရတပ်ဖွဲ့များက ထိုးစစ်ဆင်မှု စတင်ခဲ့သည့် ၂၀၀၆ ခုနှစ် ဩဂုတ်လမှစ၍ ဖြစ်ပွားသော တိုက်ပွဲများအတွင်း သေဆုံးသူ တပ်ဖွဲ့ဝင်ဦးရေမှာ ၁၇၀၀ ရှိပြီး တမီးလ်ကျားသူပုန်သေဆုံးမှုမှာ ၉၀၀၀ ရှိကြောင်း သီရိလင်္ကာတပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ဆာရက်ချ်ဖွန်ဆိကာက ဇူလိုင် ၇ ရက်တွင် ပြောကြားသည်။ လာမည့် တစ်နှစ်တာအချိန်အတွင်း ကျားသူပုန်များ၏ တိုက်ခိုက်မှုစွမ်းရည် ကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း ယခင်ကကဲ့သို့ သီရိလင်္ကာတပ်ဖွဲ့များကို ရေရှည်ခုခံတိုက်ခိုက်နိုင်စွမ်းကိုလည်း ထိန်းသိမ်းထားနိုင်ဖွယ် မရှိတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ကိုရီးယားသမ္မတနိုင်ငံတွင် ကလေးငယ်များ ရိုးရာအားကစားနည်းတစ်ခုဖြစ်သည့် ဆီးဆော(Seesaw)အားကစားစုပေါင်း ကစားနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကိုရီးယားရီဗျူး)

နိုင်ငံတကာ ကျန်းမာရေးသတင်းများ

ဗီယက်နမ်တွင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါဖြစ်ပွား

ဟနွိုင် ဇူလိုင် ၁၀

ဗီယက်နမ်နိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း နိုင်ငံတစ်ဝန်းလုံး၌ ဝမ်းနှင့်ပတ်သက်သော ရောဂါဖြစ်ပွားမှုပေါင်း ၃၇၀၀ကို တွေ့ရှိခဲ့ရကြောင်း၊ ယင်းအနက် ၅၈၂ ခုသော ကူးစက်ရောဂါဖြစ်ပွားမှုများမှာ ကာလဝမ်းရောဂါကူးစက်မှုများဖြစ်သည်ကို တွေ့ရကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနစာရင်းအင်းများက ဖော်ပြသည်။

သို့ဖြစ်၍ ပြည်သူများအား သန့်ရှင်းရေးဂရုစိုက်ရန်၊ ချက်ပြုတ်ထားသောအစားအသောက်များကို မချက်ပြုတ်ရသေးသော အစားအသောက်များနှင့် မရောဘဲသီးခြားထားရန်၊ နူးနပ်အောင် ချက်ပြုတ်စားသောက်ရန်၊ ဆေးခတ်ထားသောရေ သို့မဟုတ် ကျိုချက်ထားသောရေကိုသာ သောက်သုံးရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။

နယ်သာလန်မှ အမျိုးသမီးငယ်များအား သားအိမ်ကင်ဆာကာကွယ်ဆေး ထိုးနှံပေးမည်

ဘရပ်ဆယ် ဇူလိုင် ၁၀

နယ်သာလန်နိုင်ငံတွင် ၂၀၀၉ ခုနှစ်မှစ၍ (၁၂)နှစ်အရွယ် မိန်းကလေးများအားလုံး သားအိမ်ကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံကြရမည်ဖြစ်ကြောင်း ဒေသသတင်းစာ အယ်လ်ဂျီမန်အက်ဗလဒ်က ဇူလိုင် ၉ ရက်သတင်းတွင် ဖော်ပြသည်။

သားအိမ်ခေါင်းကင်ဆာသည် ပါပီလိုမာဗိုင်းရပ်ပိုး (HPV) ကြောင့် ဖြစ်ရသောရောဂါဖြစ်သည်။ နယ်သာလန်အစိုးရ၏ ဖော်ပြပါအစီအမံကို ကျန်းမာရေးဝန်ကြီး အမ်ကလင့်က အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာသွားသည်။

ကယ်လီဖိုးနီးယားနယ်သားများ ရင်ကျပ်ရောဂါခံစားရမှု ပိုမိုများပြားလာ

လော့စ်အိန်ဂျလိ ဇူလိုင် ၁၀

ကျန်းမာရေးစောင့်ရှောက်မှု အစီအမံအားနည်းခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် လေထုညစ်ညမ်းမှု ပိုမိုမြင့်မားလာခြင်းတို့ကြောင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်သားများအနက် ရင်ကျပ်ရောဂါခံစားရသူဦးရေ ပိုမိုများပြားလာကြောင်း ဇူလိုင် ၈ ရက်က ထုတ်ပြန်သည့် လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရင်ကျပ်ရောဂါ ခံစားရသူဦးရေမှာ ၂၀၀၅ ခုနှစ်ကာလအတွင်းက ၄၇၅၀၀၀ အထိရှိကြောင်း ကျန်းမာရေးဌာန စာရင်းအင်းများက ဖော်ပြသည်။ ထိုနှစ်က ကျောင်းသားများမှာ ရင်ကျပ်ရောဂါခံစားရသောကြောင့် ရက်ပေါင်း ၁ ဒသမ ၉ သန်းအထိ ကျောင်းပျက်ခဲ့ပြီး အလုပ်သမားများသည် အလုပ်ပျက်ရက်ပေါင်း နှစ်သန်းအထိရှိခဲ့ကြောင်း ကျန်းမာရေးသုတေသနစာရင်းအင်းများက ဖော်ပြသည်။

[ဘာသာပြန်စာတည်းအဖွဲ့ဝင်များ စုစည်းဖော်ပြသည်။]

ချက်နိုင်ငံတွင် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ် ထားရှိရေးကိစ္စကို ကန့်ကွက်သူများက ပရာဟာမြို့တွင် လှည့်လည်ဆန္ဒပြနေကြသည်ကို ဇူလိုင် ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် ပြည်သူများက သစ်ပင်ရှစ်သန်းကျော် စိုက်ပျိုး

မက္ကဆီကိုစီးတီး ဇူလိုင် ၉

မက္ကဆီကိုအစိုးရအနေဖြင့် တရားမဝင်သစ်ခုတ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုညံ့ဖျင်းမှုနှင့်ပတ်သက်၍ ဝေဖန်ခံနေရမှုကို တုံ့ပြန်သည့်အနေဖြင့် လှုပ်ရှားမှု အစိတ်အပိုင်းအဖြစ် မက္ကဆီကိုပြည်သူများက နိုင်ငံတစ်ဝန်းတွင် သစ်ပင်ပေါင်း ရှစ်သန်းကျော် စနေနေ့က စိုက်ပျိုးခဲ့ကြသည်။

စိုက်ပျိုးခဲ့

ရေနံအလုပ်သမားများနှင့် ကျောင်းသား၊ ကျောင်းသူများသည် မြေသယ်ကိရိယာနှင့် ဂေါ်ပြားများ ကိုင်တွယ်ပြီး အစိုးရကပေးသည့် ပျိုးပင်ကလေးများကို လယ်ကွင်းများနှင့် သစ်တောများအတွင်း စိုက်ပျိုးခဲ့ကြသည်။ ၎င်းတို့က သစ်ပင် ၈ ဒသမ ၃ သန်းတို့ကို စိုက်ပျိုးခဲ့ကြသည်ဟု သဘာဝပတ်ဝန်းကျင်ဌာနက ပြောကြားသည်။

မိမိတို့ကြောင့် သဘာဝပတ်ဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သည့် ကြီးမားသောဆုံးရှုံးမှုအတွက် မိမိတို့ကအနည်းငယ်မျှသာ ပြင်ဆင်နိုင်ခဲ့သည်ဟု သမ္မတ ဖီလစ်ကယ်ဒရွန်က သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။

ထိပ်ဆုံးမှပါဝင်

မက္ကဆီကိုနိုင်ငံသည် တရားမဝင် သစ်ခုတ်မှုကြောင့် သစ်တောဧက ၆၄၀၀၀ နှစ်စဉ် ပျက်စီးခဲ့ပြီး သစ်တောမြန်ဆန်စွာ ဆုံးရှုံးမှုစာရင်းတွင် ထိပ်ဆုံးမှပါဝင်ရန် နီးစပ်နေသည့် နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ အိန္ဒိယသံရုံးအနီး ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့များက မော်တော်ယာဉ်များအား ရှာဖွေ နေသည်ကို ဇူလိုင် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် အရပ်သားများ သေဆုံးမှု စိုးရိမ်မကင်းဖြစ်ရသည်ဟုဆို

ကဘူး ဇူလိုင် ၉

အာဖဂန်နစ္စတန်နိုင်ငံတွင် ကုလသမဂ္ဂ အကူအညီပေးရေး မော်တော်ယာဉ်တန်းများအား တိုက်ခိုက်မှုကြောင့် အရပ်သားများ သေဆုံးခဲ့မှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်းကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အာဖဂန်ဆိုင်ရာ အထူးသံတမန် ကိုင်အိုင်ဒီက တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

အရပ်သားများ သေဆုံးမှုနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အထူး စိုးရိမ်မကင်းဖြစ်မိပြီး ယင်းလုပ်ရပ်သည် သူရဲဘောကြောင်သော လုပ်ရပ်ဖြစ်၍ ရှုတ်ချရမည်ဖြစ်ကြောင်း ၎င်းက သတင်းစာဆရာများသို့ ပြောကြားသည်။

အာဖဂန်အရှေ့ပိုင်းဒေသရှိ နူရစ်စတန်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များကြောင့် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အရပ်သားများ သေဆုံးပြီးခဲ့သည့်နောက် ဖော်ပြပါပုဂ္ဂိုလ်က ဝေဖန်ပြောကြားခြင်း ဖြစ်သည်။

ယင်းတိုက်ခိုက်မှုကြောင့်အရပ်သား ၁၇ ဦးနှင့် သောင်းကျန်းသူ လေးဦးတို့ သေဆုံးသည်ဟု ဒေသခံများက ပြောကြားသည်။ သို့သော် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုကြောင့် သေဆုံးသူများမှာ တာလီဘန် စစ်သွေးကြွများဟု ပြောကြားကြသည်။

ထုတ်ပြန်

ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက အမိန့်ထုတ်ပြန်ထားသည်။

အကူအညီပေးရေး မော်တော်ယာဉ်တန်းများအား တိုက်ခိုက်မှုသည် ရက်ဖွယ်ကောင်းပြီး ရှုတ်ချရမည်ဖြစ်သည်ဟု ကုလသမဂ္ဂသံတမန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယရေပိုင်နက်အတွင်း ကျူးကျော်ငါးဖမ်းခြင်း မပြုရန် သီရိလင်္ကာ ငါးလုပ်ငန်းဝန်ကြီး သတိပေး

ကိုလံဘို ဇူလိုင် ၉

သီရိလင်္ကာနိုင်ငံ၏ ငါးဖမ်းလုပ်သားများသည် အိမ်နီးချင်းအိန္ဒိယနိုင်ငံ၏ ရေပိုင်နက်တွင် ဆက်လက်၍ ငါးခိုးယူဖမ်းဆီးနေခြင်းသည် တောင်အာရှအိမ်နီးချင်းနှစ်နိုင်ငံကြား သံတမန်ရေးရာ အချင်းများမှုဖြစ်လာနိုင်ကြောင်း သီရိလင်္ကာနိုင်ငံ ငါးလုပ်ငန်းဌာန ဝန်ကြီး မီလစ်ပီရီရာက စနေနေ့တွင် ပြောကြားသည်။

အိန္ဒိယရေပိုင်နက်အတွင်းသို့ တရားမဝင် ဝင်ရောက်နေခြင်းဖြစ်သည်ဟု ငါးဖမ်းသမားများ သဘောပေါက်နားလည်ကြရမည်ဖြစ်ကြောင်း ထိုသို့ ဆက်လက်၍ မပြုလုပ်သင့်ကြောင်း ပီရီရာက သတင်းထောက်များကို ပြောကြားသည်။

အိန္ဒိယရေပိုင်နက်တွင်းသို့ ငါးဖမ်းသမားရာပေါင်းများစွာ ရောက်နေသည့်ကိစ္စကို ငါးလုပ်ငန်းဌာနအနေဖြင့် အခြေအတင် ဖြေရှင်းနေရကြောင်း ၎င်းကပြောကြားသည်။

မိမိတို့ညှိနှိုင်းဆောင်ရွက်ပြီး ခိုး၍ဝင်ရောက်သည့် ငါးဖမ်းသမားများကို ထိန်းသိမ်းထားကာ ဒဏ်ကြေးငွေလည်း ပေးဆောင်စေရကြောင်း ငါးလုပ်ငန်းဌာနဝန်ကြီးက ပြောကြားသည်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေပိုင်နက်ကို ကျူးကျော်ဝင်ရောက်မှုအတွက် သီရိလင်္ကာနှင့် အိန္ဒိယအာဏာပိုင်များသည် မကြာခဏ ညှိနှိုင်းမှုများပြုလုပ်နေရသော ကိစ္စဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရန်က တာဝေးနှင့် တာလတ်ပစ် ဒုံးကျည်များစမ်းသပ်

တီဟီရန် ဇူလိုင် ၁၀

အီရန်နိုင်ငံသည် တာဝေးနှင့် တာလတ်ပစ် ဒုံးကျည်ကိုးစင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်းနိုင်ငံပိုင်သတင်းမီဒီယာက ဇူလိုင် ၉ ရက် သတင်းတွင် ဖော်ပြသည်။

အီရန်တို့၏အဆိုအရ ယခုစမ်းသပ်သော ဒုံးကျည်အချို့သည် အစ္စရေးနိုင်ငံရှိ ပစ်မှတ်များနှင့် အရှေ့အလယ်ပိုင်းဒေသအတွင်းရှိ အမေရိကန်အခြေစိုက်စခန်းများအထိ ရောက်အောင်ပစ်ခတ်နိုင်ကြောင်း သိရသည်။

အီရန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့အကြား တင်းမာမှုဖြစ်နေချိန်၊ အီရန်နှင့် အနောက်အင်အားကြီး နိုင်ငံများအကြား အီရန်၏ ချူကလီးယားပြဿနာနှင့်ပတ်သက်၍အငြင်းပွားမှု အရှိန်မြင့်နေချိန်တွင် ယခု ဒုံးကျည်များစမ်းသပ်သည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုဒုံးလက်နက်များကို အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့ကစမ်းသပ်ပစ်လွှတ်ခြင်းဖြစ်သည်။ ၎င်းတို့ စမ်းသပ်ပစ်လွှတ်သော ရှာဟဗ်-၃ ဒုံးကျည်အသစ်သည် ကီလိုမီတာ ၂၀၀၀ (မိုင်၁၂၅၀) အကွာအဝေးရှိ ပစ်မှတ်ကိုပင် ထိအောင်ပစ်ခတ်နိုင်သည်ဟု ဆိုသည်။

အကယ်၍သာ အီရန်၏ ချူကလီးယားလုပ်ငန်းများကို တိုက်ခိုက်ခံရလျှင် အီရန်အနေဖြင့် အစ္စရေးနိုင်ငံနှင့်ပင်လယ်ကွေ့ဒေသတွင်း သွားလာနေသည့် အမေရိကန် သင်္ဘောများကို သာမကကမ္ဘာတစ်ဝန်းရှိ အမေရိကန်အကျိုးစီးပွားများကိုပါ လက်တုံ့ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အီရန်အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်နိုင်ငံက ဇူလိုင် ၉ ရက်တွင် တာဝေးပစ်နှင့် တာလတ်ပစ် ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်လိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ ဩစတြေးလျတပ်ဖွဲ့ဝင် သေဆုံး

ကင်ဘာရာ ဇူလိုင် ၉

အာဖဂန်နစ္စတန်နိုင်ငံ ဥရုဇဂန်ပြည်နယ်တောင်ပိုင်းတွင် ဇူလိုင် ၈ ရက်က ပူးပေါင်းတပ်ဖွဲ့များ ကင်းလှည့်စဉ် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဩစတြေးလျတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိကြောင်း ဗုဒ္ဓဟူးနေ့တွင် ဩစတြေးလျ စစ်ဘက်က ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသူ ဩစတြေးလျတပ်ဖွဲ့ဝင် စုစုပေါင်းခြောက်ဦးရှိပြီဖြစ်သည်။

ဒတ်ချ်တပ်ဖွဲ့များကို ထောက်ကူနေသည့် ဩစတြေးလျတပ်ဖွဲ့ နှစ်ဦးနှင့်အတူ အဆိုပါတိုက်ခိုက်မှု၌ နိုင်ငံအမည်မဖော်ပြသော ပူးပေါင်းတပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း စစ်ဘက်က ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

တူရကီနိုင်ငံရှိ အမေရိကန်ကောင်စစ်ဝန်ရုံး တိုက်ခိုက်ခံရ

ဝါရှင်တန် ဇူလိုင် ၉

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးကို ဗုဒ္ဓဟူးနေ့က အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ ခြောက်ဦး သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

အဆိုပါသံရုံး တိုက်ခိုက်ခံရသည့်ကိစ္စကို ရှုတ်ချသည့် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မက်ကောမက်က ပြောကြားသည်။

အခင်းဖြစ်ပွားမှုအတွင်း သေဆုံးရသူများတွင် တူရကီရဲအရာရှိ သုံးဦးပါဝင်ပြီး အခြားသူအချို့လည်း ဒဏ်ရာရရှိသွားသည်။ ယင်းဖြစ်ရပ်သည် အကြမ်းဖက် လုပ်ရပ်ဖြစ်သည်။ အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုအန္တရာယ်ကို မိမိတို့နိုင်ငံနှင့် တူရကီနိုင်ငံတို့သည် အခိုင်အမာ ပူးပေါင်းလက်တွဲ၍ တိုက်ဖျက်သွားမည်ဟူ၍လည်း အမေရိကန်နိုင်ငံခြားရေးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းက အမေရိကန်ကောင်စစ်ဝန်ရုံးသို့ ကားတစ်စီး ဆိုက်ရောက်လာပြီး လူလေးဦးဆင်းလာကာ ကောင်စစ်ဝန်ရုံး လုံခြုံရေးကို စောင့်ရှောက်နေသော တူရကီရဲတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်တိုက်ခိုက်သည်။ ပစ်ခတ်မှု ပြီးဆုံးသွားသောအခါ ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အကြမ်းဖက်သမားသုံးဦးတို့ သေဆုံးသွားသည်ကို တွေ့ရကြောင်း သတင်းက ဖော်ပြထားသည်။

အယ်လ်ကေဒါအကြမ်းဖက်သမားများသည် ၂၀၀၃ ခုနှစ်ကလည်း အစ္စတန်ဘူလ်မြို့ရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးကို ကားဗုံးခွဲ၍ တိုက်ခိုက်ခဲ့ဖူးသည်။ ***အင်တာနက်။***

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံး ဇူလိုင် ၉ရက်က အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၌ အဝလွန်သူများ ပိုမိုများပြား ပရိုတင်း၊ အဆီဓာတ်နှင့် နို့ထွက်ပစ္စည်း ပိုမိုစားသုံးလာ

ဟနွိုင်း ဇူလိုင် ၉

မကြာသေးမီ နှစ်များအတွင်း ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ အထူးသဖြင့် မြို့ကြီးပြကြီးများ၌ နေထိုင်သော ဗီယက်နမ်လူမျိုးများမှာ ကိုယ်အလေးချိန်တက်ခြင်း (သို့မဟုတ်) အလွန်ဝလာသူများ တိုးပွားလာကြောင်း ဇူလိုင် ၈ ရက်နေ့ထုတ် လူငယ်သတင်းစာ၌ ဖော်ပြသည်။

အသက် ၂၅ နှစ်မှ ၃၄ နှစ်အတွင်းရှိသူများ၏ ၁၆ ရာခိုင်နှုန်းခန့်မှာ အဝလွန်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ သတင်းစာ၌ ဖော်ပြသည်။

အသေးစိတ်အချက်အလက်အရ အသက် ၂၅ နှစ်မှ ၃၄ နှစ်ရှိသူများတွင် ၁၁ဒသမ၃ ရာခိုင်နှုန်းမှာ အဝလွန်သူများဖြစ်ပြီး အသက် ၃၅ နှစ်မှ ၄၄နှစ် ရှိသူများတွင် ၁၇ ဒသမ၁ ရာခိုင်နှုန်းမှာ အလွန့်အလွန်ဝသော သူများဖြစ်သည်။ အသက်ပိုမိုကြီးလာသည်နှင့်အမျှ ဝလာသူများ၏ ရာခိုင်နှုန်းမှာလည်း ပိုမိုများလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးလာသည်နှင့်အမျှ ဗီယက်နမ်လူမျိုးများ၏ စားသောက်မှုပုံစံလည်း ပြောင်းလဲလာသည်။ ယခုအခါ ဗီယက်နမ်မိသားစုဝင်များ စားသုံးသောအစာများတွင် ပရိုတင်း၊ အဆီဓာတ်နှင့် နို့ထွက်ပစ္စည်းများ ပိုမိုစားသုံးလာကြောင်း သိရသည်။

ဗီယက်နမ်လူမျိုးတစ်ဦးသည် တစ်နေ့လျှင် အသားဂရမ် ၈၀ နှင့် ဆန်ဂရမ် ၃၅၀ စားသုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၃၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ဘိုကလေးမြို့နယ် ဆပ်ကျွန်းကျေးရွာနှင့် ပျဉ်ဘိုကြီးကျေးရွာတို့၌ ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ရန်ကုန် ဇူလိုင် ၁၀

ဧရာဝတီတိုင်း လေဘေးသင့်ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှ ဌက်ဖျားဆရာဝန်ကြီး ဒေါက်တာခင်သန်းဝင်း ဦးဆောင်သော အခြေခံကျန်းမာရေးဝန်ထမ်းများ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းတွင် ဘိုကလေး မြို့နယ် ဆပ်ကျွန်းကျေးရွာနှင့် ပျဉ်ဘိုကြီးကျေးရွာများသို့ စက်လှေများဖြင့် ရောက်ရှိကြပြီး ကျေးရွာဘုန်းကြီးကျောင်း၌ ကျေးရွာရှိ ပြည်သူများအား ဆေးစိမ်ခြင်ထောင်များကို အခမဲ့ ဖြန့်ဝေပေးသည်။

ဆပ်ကျွန်းကျေးရွာရှိ ကျန်းမာရေးမှူးနှင့် သားဖွားဆရာမတို့သည် ကလေးငယ်များအတွက် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းဖြစ်သော ဝက်သက်ရောဂါကာကွယ်ဆေး၊ အသည်းရောင် အသားဝါဘီရောဂါ ကာကွယ်ဆေးထိုးပေးခြင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အသက်ခြောက်လမှ ငါးနှစ်အတွင်း ကလေးငယ်များ၏ လက်မောင်းလုံးပတ်တိုင်းကြည့်ပြီး အာဟာရ ဖွံ့ဖြိုးမှုအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ကျန်းမာရေးပညာပေး

ဆပ်ကျွန်းကျေးရွာနှင့် ပျဉ်ဘိုကြီးကျေးရွာတို့၌ လေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ ကူညီမှုဖြင့် ပျက်စီးသွားသော ဆေးခန်းများနေရာ၌ ယာယီရွက်ဖျင်တဲဆေးခန်းကို ကျေးရွာပြည်သူများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းတို့ ပူးပေါင်းပါဝင် ဆောက်လုပ်ခဲ့ပြီး ကျေးရွာနေပြည်သူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရန် ရေအိုး၊ ရေစည်များတွင် ပိုးလောက်လမ်းကင်းစင်အောင်ထားရှိရေးအတွက် ကျန်းမာရေးပညာများ ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)